ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 October 2024 ၁၁၆၀၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ရှိ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော်     အောက်တိုဘာ     ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်း၌ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့ သွားရောက်၍ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၉ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# ရထားပို့ဆောင်ရေးတစ်ခေတ်ဆန်းသစ်

သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ကုန်ကျစရိတ် အသက်သာဆုံးနှင့် ခရီးသည်နှင့် ကုန်စည်ဝန်ဆောင်မှုများစွာ ဆောင်ရွက်နိုင်သော ကဏ္ဍတစ်ခုမှာ ရထားပို့ဆောင်ရေး ကဏ္ဍ ဖြစ်သည်။ မြန်မာနိုင်ငံ သယ်ယူပို့ဆောင်မှုသမိုင်းကြောင်း၌ ပထမဦးဆုံး အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် နှစ်ပေါင်းတစ်ရာကျော် သက်တမ်း ရှိသော မြန်မာ့မီးရထားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများကို များစွာအကျိုးပြုလျက်ရှိသည်။

ကိုလိုနီခေတ်က နယ်ချဲ့ဗြိတိသျှတို့သည် ၎င်းတို့၏အကျိုးစီးပွားဖြစ်ထွန်းရေးကို ရည်မှန်းပြီး မီးရထားလမ်းများကို အစောဆုံးတည်ဆောက်ကာ မီးရထားပို့ဆောင်ရေးကို တွင်ကျယ်စွာဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခေတ်အဆက်ဆက်အစိုးရများက မြန်မာ့မီးရထားလုပ်ငန်းကို ပြောင်းလဲမြှင့်တင် ဆောင်ရွက်ခဲ့ရာ မျက်မှောက်ကာလအထိ မြှင့်တင်အကောင်အထည်ဖော်လျက် ရှိသည်။ သို့သော် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျနေဆဲဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် မီးရထားကဏ္ဍ တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

"မီးရထားစက်ခေါင်းတွဲများနှင့် ရထားတွဲများ ကောင်းမွန်ရန် လိုအပ်သကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ် ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေပြောင်းလဲရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကို ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာလ ၇ ရက်နေ့တွင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ မီးရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ၁၈၇၇ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သောသက်တမ်းအတွင်း အခြားနိုင်ငံ များနှင့် နှိုင်းယှဉ်ကြည့်ပါက အကြောင်းအမျိုးမျိုးကြောင့် များစွာနောက်ကျကျန်နေ သည်ကို တွေ့ရမည်ဖြစ်သည်။ မီးရထားသယ်ယူပို့ဆောင်ရေးစနစ်တွင် ရထားလမ်း များ၊ ရထားစက်ခေါင်းများနှင့် ရထားတွဲဆိုင်းများ ခေတ်နှင့်အညီ ကောင်းမွန်ရေး သည် အရေးကြီးသလို အချိန်မှန်မှန်ပြေးဆွဲနိုင်ရေးတို့သည်လည်း အရေးကြီးသော အချက်များဖြစ်သည်။ ထို့ကြောင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ရထားသံလမ်းများ၊ ကျောက်များ၊ ဇလီဖားတုံးများဖြည့်သွင်းပေးခြင်း၊ ခေတ်နှင့်အညီ ရထားစက်ခေါင်းများနှင့် ရထားတွဲဆိုင်းများ ဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ တိုးချဲ့ ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် အတူ စပိန်နိုင်ငံမှဝယ်ယူခဲ့ပြီး ရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit(DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆)အစုန် လူစီးရထားကို အောက်တိုဘာလ ၁ ရက်နေ့က စတင်ပြေးဆွဲလျက်ရှိသည်။ ပုဇွန်တောင်-မလွှကုန်း-သဃ်န်းကျွန်း-တိုးကြောင်ကလေး-ရွာသာကြီး-လေးဒေါင့်ကန်-ဒါးပိန်တို့မှ ပဲခူးအထိ ကျပ် ၂၅၀၀ သတ်မှတ်ထားသည်။ အဆိုပါခေတ်မီ ဒီဇယ်လျှပ်စစ်သုံးရထားသည် မြန်မာနိုင်ငံ တွင် စတင်စမ်းသပ်ပြေးဆွဲမောင်းနှင်မှုအစီအစဉ်ဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၈၀ မြန်နှုန်းမြှင့်တင်ပြေးဆွဲခြင်းဖြစ်၍ အချို့လမ်းပိုင်း အကွေ့နေရာများတွင် အမြန်နှုန်းကန့်သတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး၊ လမ်းပိုင်းအလိုက် သုတေသနပြု ဆောင်ရွက်ရေး၊ အမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတား နေရာများကိုလည်း လေ့လာဆန်းစစ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ရထားလမ်းပိုင်း များနှင့်ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခု သတ်မှတ်ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန် စံညွှန်းများနှင့်ကိုက်ညီသည့် လမ်းပိုင်းကြံ့ခိုင်မှုကောင်းမွန်ရေးတို့ကို နိုင်ငံတော် အကြီးအကဲက အသေးစိတ် လမ်းညွှန်မှာကြားထားသည်။

ရထားများအား သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်ရေးအတွက် သတိပြုဆောင်ရွက်ရမည့်အချက်များကို သက်ဆိုင်ရာတို့သာမက ပြည်သူများ ကလည်း အထူးလိုက်နာကြရမည်ဖြစ်သည်။ အထူးသဖြင့် ရထားလမ်းနယ်၌ သတ်မှတ် ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာရန်လိုအပ်ပြီး ရထားဘူတာများ၊ ရထားလမ်းနယ်များအားလုံး၌ စည်းကမ်းစနစ်အတိုင်း ဖြစ်ရန်လိုအပ်သည်။ ခေတ်မီ သစ်လွင်သည့် ရထားစီးနင်းကြမည့် ပြည်သူများအနေဖြင့် နိုင်ငံကြီးသားပီသစွာ စီးနင်းကြဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျပြီး အကျိုးရှိသည့် ပို့ဆောင်ရေးစနစ်ဖြစ်ရာ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူ အဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည်ဆန်းသစ် လာစေရန် ဆောင်ရွက်မှုများ ရေရှည်တည်တံ့ခိုင်မြဲစေရေး သတ်မှတ်စည်းကမ်း များနှင့်အညီ လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ် တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့ကြားကပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်တည်ငြိမ်မှာကိုမလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကိုဒုက္ခပေးနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၅၄၈ | ၄,၇၁၂,၈၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၅,၄၅၀ | ၁၈,၄၁၂,၅၀၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၆၀ | ၅၂၈,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၂၆၇ | ၄၉၇,၃၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၁၄၁ | ၃၈၅,၃၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၈၇၂ | ၁,၄၈၆,၈၅၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၁,၀၀၂ | ၄,၄၂၂,၈၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၅၀ | ၃,၅၆၁ | ၁၂,၁၁၁,၉၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» ရှေ့ဖုံးမှ

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးက နက္ခတ်တာရာပြခန်း သမိုင်းကြောင်းနှင့် ပြခန်းဆိုင်ရာ အချက်အလက်များ၊ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်း ပြကွက်တို့ကို ကြည့်ရှုကြသည်။

## အာကာသပြခန်းအဖြစ် ဆောင်ရွက်မည်

အဆိုပါ နက္ခတ်တာရာပြခန်းအား ဂျပန် - မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား လူငယ်များနှင့် ပြည်သူများ နက္ခတ်တာရာ သိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့်ဒလမြို့တို့ကို ဆက်သွယ် ဖောက်လုပ်လျက်ရှိသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား စီမံကိန်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေး စီမံကိန်းဖြစ်ပေါ်လာပုံနှင့် တံတားဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ကမ်း ချဉ်းကပ်တံတား

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်း ပြကွက်အလိုက် ပြသထားရှိမှုများကို ကြည့်ရှုစဉ်။

**❖ နက္ခတ်တာရာပြခန်းအား ဂျပန် - မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ နက္ခတ်တာရာ သိပ္ပံဆိုင်ရာဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

လုပ်ငန်းပြီးစီးမှု၊ ပင်မတံတားလုပ်ငန်းပြီးစီးမှု၊ တံတား၏ အဓိကကျသည့် ရေလယ်တာဝါတိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား လုပ်ငန်းပြီးစီးမှု၊ စီမံကိန်းလုပ်ငန်း အပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အရည်အသွေး ထိန်းသိမ်းရေး လုပ်ငန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြိုတင်စဉ်းစားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အပိုင်းအလိုက် ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှု ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ သင်္ဘောများ၏ ရေလမ်းကင်းလွတ်မှုကိုလည်း စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေလယ်တာဝါတိုင်များ အန္တရာယ်ကင်းရှင်းရေး အတွက်လည်း ကြိုတင်စဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### အထင်ကရပြယုဂ်တစ်ခု ဖြစ်လာမည်

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတားစီမံကိန်း တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable–Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲ တံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြော ပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည် ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark) တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့**

☆ **တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည် ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား သည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက် ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်း ဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း များတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ ဖော်ထုတ်ရမိမှု နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်း ရမိမှု၊ တပ်နယ်များအလိုက် နယ်မြေခံ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့် အတူတကွစုပေါင်း၍ အများ ပြည်သူနှင့် သက်ဆိုင်သည့် နေရာများ၊ ဘုရား၊ စေတီများ၌ သန့်ရှင်းသာယာလှပ ရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်များ အလိုက်၊ လမ်းမကြီးများအလိုက်ရှိ စစ်ဆေးရေးနေရာများတွင် လုံခြုံရေး ဆိုင်ရာဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်း ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ် သည်များ ထောက်ပံ့ပေးနိုင်မှု၊ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများအား ကောက်ကွက်များအလိုက် ကောက်ယူ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီး အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်း ရေးအတွက် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက အတူတကွ ဝိုင်းဝန်းဆောင် ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

### လုံခြုံရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူ တကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည် ဖြစ် ကြောင်း၊ ပြည်သူ့လုံခြုံရေးသည် လုံခြုံ ရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများ က အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ လျော့နည်းသွားမည် ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေ ဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင် ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည် ဖြစ်ကြောင်း။

အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာများ ပြန်လည်အပ်နှင်းသွားမည် ဟု အတိအလင်းပြောဆိုခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်စေရေး မိမိတို့အနေဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိ တို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ် တွင် သင်ကြားထားသည်များကို ပြန်လည် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာ ကြံ့ခိုင်ပြီး နိုင်ငံတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ အုပ်ချုပ် ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်၍ အသိ အမှတ်ပြု၍ လိုအပ်သည့် အုပ်ချုပ် ထောက်ပံ့မှုများနှင့် သက်သာချောင်ချိ

**☆ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင် များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ်ကြောင်း၊ အကြမ်း ဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့ လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်**

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိ အမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ် ကြောင်း၊ အကြမ်းဖက်သမားများအနေ ဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေး တို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေး နှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များ က ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူ လူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေး သည် ခိုင်မာအားကောင်းနိုင်မည်ဖြစ် ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန် များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်း ကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေ ဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင် လည်း မြင်တွေ့ရမည် ဖြစ်ကြောင်း။

### ပြည်သူ့လုံခြုံရေးကဏ္ဍတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက အဓိက ထိန်းကျောင်းရမည်

ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ် ရေးဆိုင်ရာ တာဝန်ရှိသူများက ဒီမိုကရေစီ ကို အဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏ အခန်းကဏ္ဍသည် အရေး ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန် ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုပြီး လက်တွေ့တာဝန်ထမ်းဆောင်ရာ ရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ် ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ သင်ကြားထားသည့် အသိပညာ၊ အတတ် ပညာများကို အသုံးချ၍ ဆောင်ရွက်သွား ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများ အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းကဲ့သို့သော အခြေခံစည်းမျဉ်း စည်းကမ်းများမှစ၍ အများပြည်သူက လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ပေး ရန်လိုကြောင်း၊ အခြေခံစည်းကမ်းများ မှအစ လိုက်နာအောင် ထိန်းသိမ်းကြပ်မတ် နိုင်မှသာလျှင် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ် လာမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တော်၏ စည်းကမ်းထိန်း သိမ်းရေးအပိုင်းကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း။

**စာမျက်နှာ ၆ သို့ ☆**

☆ စာမျက်နှာ ၅ မှ

### ခရိုင်အုပ်ချုပ်ရေး

ခရိုင်အုပ်ချုပ်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာအသုံးချ၍ မိမိတို့တာဝန်ယူထားရသည့်မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်နှင့် တိုင်းဒေသကြီးအကြား လိုက်လျောညီထွေဖြစ်စေရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ခရိုင်မှ စီမံအုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ် သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုဖြစ်ပေါ်လာမည့် အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များအလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုများစည်းကမ်းစနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရန်ကုန်မြို့သည် အလုပ်အကိုင်များပြားပြီး ဒေသတွင်းနေထိုင်လုပ်ကိုင်သူများ၊ နယ်မြို့များမှ လာရောက်လုပ်ကိုင်သူများ များပြားသည့်အတွက် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ ယာဉ်စီးနင်းမောင်းနှင်မှုများကိုလည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

❍ **ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထား ရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်**

❍ **ခရိုင်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက် သွားရန်လို**

ထို့ပြင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီ ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရေး၊ အဖွဲ့လိုက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပြည်သူလူထုတို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့် ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများမှ ကျန်းမာမည်ဖြစ်ပြီး ကျန်းမာမှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခရိုင်အလိုက်ရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့ အကောင်အထည်ဖော်ဖန်တီးပေးနိုင်ရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခု စိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူမှ အသိအမှတ်ပြုရလောက်သည့် အုပ်ချုပ်မှုသမိုင်းကြောင်းကို ထားရှိနိုင်ခဲ့ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနည်းနာများကို သိရှိနားလည်နေရမည်ဖြစ်ပြီး မိမိတို့တာဝန်ယူရသည့် နေရာများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးနည်းစနစ်များကို အမြဲမပြတ် လေ့လာသိရှိနားလည်နေမှသာလျှင် တာဝန်များကို ကျေပွန်ကောင်းမွန်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟုသုတစာပေများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာပြီး ၎င်းစာများ၏ အရသာကို သိသွားပါက မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် နည်းလမ်းကိုလည်းရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျက်သရေမင်္ဂလာရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနှစ်သာရကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏အရည်အချင်း စစ်ဆေးနေမှု ကြည့်ရှုအားပေး




**ပုသိမ် အောက်တိုဘာ ၈**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြိုင်ပွဲဝင်များအား ပုသိမ်တက္ကသိုလ် စံပယ်ဆောင် မြကန်သာခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပြိုင်ပွဲဝင်များ၏ အရည်အချင်းစစ်ဆေးနေမှုများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါသနာရှင်ပထမတန်း (အမျိုးသား) အရေးပြိုင်ပွဲ၊ အခြေခံပညာ(၁၅-၂၀)အမျိုးသမီး အရေးပြိုင်ပွဲ၊ ဝါသနာရှင် ဒုတိယတန်း(အမျိုးသား)အရေးပြိုင်ပွဲ၊ အဆင့်မြင့်ပညာ(အမျိုးသား) အရေးပြိုင်ပွဲဝင်များ၏ အရည်အချင်းစစ်ဆေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခြေခံပညာ (၁၀-၁၅) (အမျိုးသား) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်၊ အခြေခံပညာ (၁၀-၁၅)(အမျိုးသား)ဆိုင်းတစ်ဦးချင်းနှင့် အခြေခံပညာ (၁၀-၁၅)(အမျိုးသမီး) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်တို့၏ အရည်အချင်းစစ်ဆေးနေမှုများကို ကြည့်ရှုအားပေးပြီး အကဲဖြတ်အဖွဲ့များ၏ အကြံပြုသုံးသပ်ချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

### ယှဉ်ပြိုင်ကစား



၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေ့ရာလုပွဲများကို ဇေယျာသီရိအားကစားရုံ (B)တွင် အမျိုးသားပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး အသင်းအား သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး အောက်တိုဘာ ၉ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (C)၌ အားကစားအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလားဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ တတိယနေ့ရာလုပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုအကူအညီကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့်မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီ အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီပေးမှုများကို ပိတ်ဆို့တားဆီးမှုမရှိကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းကို လုံခြုံရေးကိစ္စ အလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ထိရောက်သည့်အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှူရှင်ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကိုလိုက်ပါလိုပါက အတူလိုက်ပါနိုင်ပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂီဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ၏အခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေး လမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သော် လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ပါရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM အဖွဲ့တို့အကြား ယခင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ လူကုန်ကူးခံရသူများအား ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု၊ ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပေးအပ်မှု၊ IOM နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးရေးနှင့် IOM ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်းသို့ AIAC မှ ဒါရိုက်တာ ဦးဆောင်သောအဖွဲ့ လာရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၈**

ASIAN International Arbitration Centre (AIAC) မှ ဒါရိုက်တာ DATO MARY LIM THIAM SUAN ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးတို့သည် အောက်တိုဘာ ၇ ရက် ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း MIACတည်ရှိရာ စမ်းချောင်းမြို့နယ်သို့လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့များအား MIAC (ဗဟို)မှ ဥက္ကဋ္ဌဦးအဲလ်ဘတ်ဇော်မင်း၊ သင်တန်းတာဝန်ခံနှင့် MIAC(ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးကျူးခေါင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ MIAC(ဗဟို) နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးတင်ဇော်လတ်နှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင် အလုပ်အမှုဆောင်များက ကြိုဆိုခဲ့ကြသည်။




ထို့နောက် အနုညာတ ခန်းမ၌ နှစ်ဖက်တွေ့ဆုံဆွေးနွေးကြရာတွင် AIAC ဒါရိုက်တာက မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံး (MIAC) တရားဝင်တည်ထောင်ထားသောအသင်းနှင့် မလေးရှားနိုင်ငံ တရားသူကြီးချုပ်(အငြိမ်းစား) ဦးဆောင်သော L2 I-CON INTERNATIONAL အဖွဲ့အစည်း နှစ်ရပ်တို့အကြား ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ MoU ကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ အောက်တိုဘာ ၅ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့ကြခြင်းနှင့် Yangon ADR Training နှစ်ရက်တာ သင်တန်းဖွင့်လှစ်ပို့ချနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ (AIAC)၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများ၊ အနုညာတစီရင်ဆုံးဖြတ်ချက်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ MIAC(ဗဟို)ဥက္ကဋ္ဌဦးအဲလ်ဘတ်ဇော်မင်းက MIAC၏ ဖွဲ့စည်းပုံ၊ သင်းဖွဲ့စည်းမျဉ်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှု၊ Arbitrator များ မွေးထုတ်ထားရှိမှု၊ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၇၊ ပုဒ်မ ၁၀ တို့အရ ဆောင်ရွက်ခဲ့သော အနုညာတစီရင်ဆုံးဖြတ်ချက်များအကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် အပြန်အလှန် လက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မုဒုံမြို့နယ်၌ ယခုနှစ်ဆောင်းရာသီတွင် ဆီထွက်သီးနှံနေကြာ ဧက ၁၅၀၀ စိုက်ပျိုးမည်

**မုဒုံ အောက်တိုဘာ ၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဆောင်းရာသီတွင် ဆီထွက်သီးနှံနေကြာ ဧက ၁၅၀၀ စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပူးပေါင်းဆောင်ရွက်ပေးသွားမည်**

ဆီထွက်သီးနှံနေကြာ လျာထားချက်အတိုင်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာများအလိုက် တောင်သူပညာပေးဆွေးနွေးပွဲများ၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မြေသြဇာသုံးစွဲမှု စနစ်တကျဖြစ်စေရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးမှုနည်းပညာများ ဖြန့်ဝေပေးခြင်းနှင့် တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မုဒုံမြို့နယ်တွင် ဆီထွက်သီးနှံနေကြာကို တာပသွန်၊ ဘလောက်ညောင်ဝိုင်း၊ ထောင်ကေး၊ ဖဲဒို၊ ကတုံးပေါ်၊ ကော့ပရံ၊ ကော့ခပုံ၊ ကွမ်တာကျေးရွာတို့တွင် လျာထားဧက ၁၅၀၀ ကို ပြည့်မီစွာ အချိန်မီစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ပံ့ပိုးမှုများကို ဌာနဆိုင်ရာများက တောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ခန့်အပ်လွှာ လာရောက်ပေးအပ်



**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

**တက်ရောက်**

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်စိစစ်ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၈**

ဗဟိုသန်းခေါင်စာရင်း ကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် နေပြည်တော်ကောင်စီ သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာရှိ ပေါက်မြိုင်တိုက်သစ် ကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို လျှောက်ထားကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ကျောင်းတိုက်ဓမ္မာရုံ၌ ရာဂီမုန်တိုင်းဒဏ် ခံစားခဲ့ရသည့် ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး ရေဘေးသင့်ပြည်သူများထံ သန်းခေါင်စာရင်းအကျီ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက် ဖွယ်ရာများနှင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရေကြီးရေလျှံမှုကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်ထုတ်ပေးနိုင်ရေး အတွက် မှတ်တမ်းမှတ်ရာများဖြင့် စိစစ်ဆောင်ရွက်နေမှုကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးရေး လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက ရေဘေးသင့်ပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ အစုအဖွဲ့မေးခွန်းပုံစံဖြင့် မေးခွန်းများမေးမြန်း ကောက်ယူနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ရေဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့် ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ထုတ်ပေးခြင်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မိုးမြေပဲစိုက်ဧက ၄၁၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန်**

စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်တွင်းစားသုံးဆီဖူလုံပြီး စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေး ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့် မြေပဲသီးနှံများကို မိုးဦးနှင့် မိုးနှောင်းရာသီ(ဆောင်းရာသီ)တို့တွင် စိုက်ပျိုးလျက်ရှိကြပြီး နှမ်းသီးနှံကို နွေရာသီ၊ မိုးဦးနှင့် မိုးနှောင်း(ဆောင်းရာသီ)တို့တွင် စိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့အနက် မြေပဲစိုက်ဧက ၁၉၁၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ ယနေ့အထိ မိုးမြေပဲစိုက်ပျိုးဧက ၄၁၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးမြေပဲစိုက်ဧက ၄၁၃၂ ဧကအနက် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်း၌ မြေပဲသီးနှံကို ဇရပ်ကုန်း၊ သံဘို၊ အုံတုံ၊ ရေဝေ၊ ရှမ်းမငယ်၊ မယ်ဇလီကုန်း၊ မုန်တိုင်၊ အိုင်ကြီးလည်၊ ဆည်အောင်၊ မွေ၊ ကြွယ်ကန်၊ ကန်တောင်၊ အင်း၊ အရာတော်၊ ရေချို၊ လိန်တော၊ ညောင်ဇောက်၊ လျှော်ဖြူကန်၊ ကွက်ယယ်ကျေးရွာအုပ်စုများရှိ ကွင်း ၅၅ ကွင်းမှ တောင်သူ ၃၅၀ က စိုက်ဧက ၅၀၀ ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကချင်ပြည်နယ်အတွင်း စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၈**

ကချင်ပြည်နယ်အတွင်း စက်သုံးဆီသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဆင်ပြေ ချောမွေ့စေရေး၊ စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် ပြည်နယ်စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ SME အသင်းမှ တာဝန်ရှိသူများနှင့် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



**တိုက်တွန်းမှာကြား**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စက်သုံးဆီသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် သယံဇာတရေးရာဝန်ကြီးဦးတိန့်ဆောင်က စက်သုံးဆီဈေးနှုန်းများသည် ဒေသတွင်းကုန်ဈေးနှုန်း တည်ငြိမ်မှုအပေါ် များစွာ သက်ရောက်သည့်အတွက် ဈေးနှုန်းကစားခြင်း ကိစ္စရပ်များ မဖြစ်ပေါ်စေရန် အားလုံးက သတ်မှတ် ဈေးနှုန်းနှင့်အညီ ညှိနှိုင်းတိုင်ပင်ပြီး ဖြန့်ဖြူးရောင်းချကြရမည်ဖြစ်ကြောင်း၊ အရောင်းဆိုင်များသို့ ဖြန့်ဖြူးရာတွင်လည်း မလိုလားအပ်သည့် နေရာများသို့ မရောက်ရှိစေရေး အလေးထားလိုက်နာကြရမည် ဖြစ်ကြောင်း၊ ပြည်သူများအား စက်သုံးဆီနှင့် စပ်လျဉ်း၍ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်နယ်ကြီးကြပ် စစ်ဆေးရေးအရာရှိ ဦးမင်းမင်းက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ PO တိုးမြှင့်ခြင်း ဆောင်ရွက်ပေးခြင်း၊ (၃/၂၀၂၄) ကိစ္စရပ်များနှင့် တိုးမြှင့်ချထားပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ပြည်နယ်ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွက် ကုမ္ပဏီများက တင်သွင်းရန် စက်သုံးဆီ Quota ခွဲတမ်းများနှင့် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ၁၀ ရက် တစ်ကြိမ် ဈေးနှုန်းတွက်ချက် သတ်မှတ်ထားရှိမှုအား ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ် လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စု နယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အုန်းပင်-တောင်ပို့သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိလယ်ငယ် ချောင်းကူးဘေလီတံတား ရေတိုက်စားမျောပါပျက်စီး မှုဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီဘေလီတံတားထိုးခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ တပ်ကုန်း



မြို့နယ် တောင်ပို့သာကျေးရွာနှင့် သကြားဟင်းအိုး ကျေးရွာချင်းဆက်လမ်းပေါ်ရှိညောင်ကိုင်းချောင်းကူး သံကူကွန်ကရစ်တံတား ချဉ်းကပ်လမ်းများ ရေတိုက်စား ပျက်စီးမှုအခြေအနေကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ညောင်ကိုင်း ကျေးရွာသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာချင်းဆက် လမ်းတံတားများ၊ ကျေးရွာကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးမည့်အခြေအနေ၊ သီးနှံများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ သီးနှံပေါ်ပေး စနစ်ဖြင့် ရရှိအောင် ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် သဘာဝဘေးကြောင့် ထိခိုက်ခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အမြန်ဆုံး ပြန်လည်ထူထောင်ပေးသွားမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားကာ ရေဘေးသင့်ပြည်သူများ အတွက် ဆန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးသင့်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ၌ လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေဘေးသင့်ခဲ့သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော် ကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ လျှပ်စစ်မီးပြန်လည် သုံးစွဲနိုင်ခြင်းအခမ်းအနားကို အဆိုပါကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကြံဖိုစုကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ရေဘေးသင့်ခဲ့သဖြင့် ကျေးရွာနေပြည်သူများ အခက်အခဲတွေ့ကြုံခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကြံဖိုစုကျေးရွာ လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ရေးအတွက် ကျေးရွာသုံးလျှပ်စစ်မိန်းခလုတ်ကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကြံဖိုစုကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်နေမှုကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## အင်တောမြို့၌ သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

**အင်တော အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့၌ ယနေ့နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများနေအိမ်သို့ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ထိုသို့ ကောက်ယူရာတွင် မြို့အုပ်ချုပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့ဦးစီးမှူးရုံးမှ မြို့ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များအား ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

# အမျိုးသားယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြစို့လေ

ခင်သန်းမြင့်

**တစ်နေ့က လူမှုကွန်ရက်စာမျက်နှာထက်မှာ ကျေးလက်ဒေသတစ်ခုက ဖျော်ဖြေပွဲလေးတစ်ခုကြည့်လိုက်ရတယ်။ အလှူပွဲလား၊ အခါကြီးရက်ကြီးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲလေလားဆိုတာတော့ ကျွန်မ မသိပါဘူး။ ဆယ်ကျော်သက်မြေအရွယ် မိန်းကလေးတစ်ယောက် ခုတင်ခင်း စင်မြင့်ထက်မှာ Rap ဂီတတွေရွတ်လိုက်၊ ဂါဝန်သာသာ အင်္ကျီကိုမပြီး တွန့်လိမ်ကောက်ကွေးလိုက်နဲ့ အပြင်းစားပေါက်ကွဲမှုတွေအပြည့်နဲ့ ဖျော်ဖြေနေလိုက်တာ အားပေးတဲ့သူတွေကလည်း တပြုံးပြုံးနဲ့ပေါ့။**




ခေတ်တွေက ပြောင်းလာလိုက်တာ ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာပြီဆိုတော့ ယဉ်ကျေးမှုတွေကလည်း အတားအဆီးမရှိ ပျံ့နှံ့စီးဝင်လာတယ်။ ခေတ်ရေစီးကြောင်းအရ ခေတ်ကို လွန်ဆန်လို့မရပေမယ့် သူ့နေရာနဲ့သူ၊ သူ့ရေစီးကြောင်းနဲ့သူ၊ အချိန်အခါအလိုက် ကန့်သတ်ချက်ရှိဖို့တော့ လိုတာပေါ့နော်။ နိုင်ငံခြားက ပျံ့နှံ့ဝင်ရောက်လာတဲ့ အဆို၊ အက၊ အတီး၊ အမှုတ် စတဲ့ အနုပညာယဉ်ကျေးမှုတွေဟာ သူ့နိုင်ငံ၊ သူ့လူမျိုးတို့ရဲ့အမြင်၊ သူတို့ရဲ့စရိုက်၊ ဓလေ့ရိုးရာအရ ကောင်းမွန်သော်ငြား မြန်မာ့အမြင်၊ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့နား၊ မျက်စိနဲ့ မဆီလျော်တာတွေလည်း အများသားလား။ အထူးသဖြင့် မြန်မာ့ကျေးလက်ဒေသ၊ တောရွာတွေရဲ့ ရှင်ပြု၊ နားသ အလှူမင်္ဂလာပွဲတွေ၊ ဘာသာရေးအခမ်းအနားပွဲတော်တွေဆို ပိုလို့တောင်မသင့်တော် မဆီလျော်ဘူးလို့ပဲ ဆိုရမယ်။

**အလှူဒကာ သီချင်းမျိုးကိုပဲ နားထဲစွဲနေ**

ကျွန်မတို့ကတော့ မြန်မာပီပီ ကျေးလက်တောရွာအလှူဆိုရင် **“မေးနေစရာလိုမယ်မထင်၊ မယ်ရင် မပြောဘဲ သဘောက အကုန်လုံးလင်၊ သူ့တွေ့မှ ဆူမယ်လေ၊ အလှူပေးတဲ့ရက် မနက်က မလာဘူးရှင်၊ ဗန္ဓုလသက်န်းဆိုင်တွင် သူကိုယ်တိုင်ပဲဝင်၊ ဈေးချိုတော်အနောက်ဘက်မှာရှင် မောင့်ကိုယ်တိုင်ပဲဝင်၊ လူမြင်မှာရှက်လို့တဲ့တော်၊ ရေစက်ချတာတောင် ခဏမလာပေါင်ရှင်”** စတဲ့ လေဘာတီမြရင်ရဲ့ အလှူဒကာ သီချင်းမျိုးကိုပဲ နားထဲစွဲနေမိတယ်။

ပြီးတော့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန သက်လွှတ်ပွဲမျိုး အပါအဝင် ဘာသာရေး အခမ်းအနားပွဲတော်တွေဆိုရင်လည်း အိုးစည်ဝိုင်း၊ ဗြောဝိုင်း၊ ဒိုးပတ်ဝိုင်းတွေရဲ့ သီဆိုတီးမှုတ် ကခုန်မှုတွေကိုပဲ မျက်စိထဲစွဲနေမိတယ်။ ရှေးခေတ်အခါတုန်းကတော့ ကျေးလက်ဒေသက တောရွာတိုင်းလိုလို အိုးစည်ဝိုင်း၊ ဗြောဝိုင်းတွေရှိကြတယ်။ အခကြေးငွေယူပြီး တီးပေးကြတာမဟုတ်ဘူး။ ခင်မင်ရာခင်မင်ကြောင်း အလှူအတန်းတွေမှာ စေတနာနဲ့ အခမဲ့ကူညီ တီးမှုတ်ဖျော်ဖြေပေးကြတာမျိုးဖြစ်ပါတယ်။

မြန်မာ့ဆိုင်းဝိုင်းကတော့ မြန်မာတို့ရဲ့ အလှူမင်္ဂလာပွဲအခမ်းအနားတိုင်းမှာ သူမပါရင် ပွဲမစည်တဲ့ မပါမဖြစ် မြန်မာ့ရိုးရာအနုသုခုမပညာရပ်တစ်ခုပဲ ဖြစ်ပါတယ်။ ယနေ့ မျက်မှောက်ကာလတိုင် ကျေးလက်တောရွာတွေက အလှူမင်္ဂလာပွဲအခမ်းအနားတွေမှာ လက်ရှိနာမည်ကျော် အဆိုတော်တွေဖြစ်ကြတဲ့ မေသက်ထားဆွေတို့၊ အေးမြဖြူတို့လို မြန်မာသံစဉ်တေးသီချင်း အဆိုတော်တွေနဲ့ တွဲဖက်ညှော့ခံဖျော်ဖြေနေဆဲပါ။ တကယ်တော့ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်ဆိုတာ သိမ်မွေ့ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ အေးချမ်းသာယာခြင်းစတဲ့ သဘောသဘာဝ လက္ခဏာတွေအပြင် ရသကိုးပါးရှိပါတယ်။ ယင်းလက္ခဏာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ခဲ့သော် အနုပညာဂုဏ်ပျက်တယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး စတဲ့အနုသုခုမပညာရပ်တိုင်းဟာ သူ့စည်းသူ့ကမ်း၊ သူ့သဘာဝလက္ခဏာကိုယ်စီနဲ့ပါ။ ယုတ်စွအဆုံး မင်းသမီး ထဘီဝတ်ပုံကအစ စည်းစနစ်ရှိပါတယ်။ ဒူးကားရမယ့် အနေအထား၊ ရပ်ရင်ဇလားပုံဖြစ်ရမယ်။ ဖနောင့်နှစ်ခုကို လက်တစ်မိုက်ကွာပြီးရပ်ရမယ်။ ဒူးဟာ တောင်ဆုပ်ရှိရမယ်။ ဒူးကားပြီးမှ ချိတ်ကို တိုးရမယ်။ ဒါမှ ထဘီအနားခတ်ရာမှာ ညက်ပြီးလွယ်မယ်။ မင်းသမီး ထဘီအနားဟာ အဖြူရောင်ဖြစ်ပြီး မျက်စိလို့ခေါ်တဲ့ အနက်စင်းသုံးတန်းရှိမယ် စတဲ့စည်းကမ်းချက်တွေရှိပါတယ်။ မင်းသမီးဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကကြိုးစုံအောင် ကတတ်ရမယ်။

**အဆိုပညာရပ်**

အဆိုပညာရပ်ဆိုလည်း သီချင်းကို တစ်လုံးချင်းပီသအောင် အာဒြန်၊ လျှာဒြန်နဲ့ ဆိုနည်းပုံစံ အာထား၊ လျှာထားဆိုပုံ ဆိုပေါက်၊ ဘယ်သံ၊ ညာသံ အတက်အကျ စတဲ့ နည်းစနစ်ပညာရပ်တွေရှိပါတယ်။ ရှေးခေတ်ကတော့ မင်းသားဖြစ်ဖြစ်၊ မင်းသမီးဖြစ်ဖြစ် ညာသံရော ဘယ်သံပါ သံကုန်ဟစ်ဆိုနိုင်မှ အသံကောင်းလို့ သတ်မှတ်ကြတယ်။ သံကုန်ဟစ်ဆိုတဲ့အခါ အချခက်တယ်။ တက်သံနဲ့ ကျသံ ပြေပြစ်ဖို့ခက်တယ်။ အသံကောင်းပေမယ့် တက်သံပြေပြစ်ငြားလည်း ကျသံပြေပြစ်အောင် မဆိုနိုင်၊ မဆိုတတ်ရင်တော့ သီချင်းလည်းပျက်၊ နားအရသာလည်း မရှိဘူးလို့ ပညာရှင်တွေက ဆိုကြတယ်။

မြန်မာ့ဇာတ်သဘင် လောကမှာ သီချင်းအချက်ကို ဟဲသံနဲ့ ဦးဖိုးစိန်က ပထမစတင်ဆိုပြခဲ့သလို အောင်မောင်းအဟဲကလည်း နိုင်ငံတစ်ဝန်းမှာ ကျော်ကြားခဲ့ပါတယ်။ ဦးဖိုးစိန်အဟဲက သံပြတ်သံဆစ်နဲ့ ဟဲပြီး အောင်မောင်းအဟဲက တစ်ဆက်တည်းသံမြှင့်ပြီး အာရိုက်ဟဲတဲ့အတွက် ဦးဖိုးစိန်အဟဲနဲ့ အောင်မောင်းအဟဲက မတူကြဘူးလို့ သတင်းစာဆရာ၊ စာရေးဆရာကြီး သခင်အောင်ဖေက သုံးသပ်ရေးသားခဲ့ဖူးပါတယ်။ ဒါ့အပြင် အောင်မောင်းအသံက ပရိသတ်ထောင်ပေါင်းများစွာကို အသံချဲ့စက်မပါဘဲ ပကတိမူရင်းအသံနဲ့ ပေါက်အောင်ဆိုနိုင်လို့ သူ့လိုအသံအောင်တဲ့ မင်းသားမျိုး မတွေ့သေးဘူးလို့လည်း ဆိုပါတယ်။

**မြန်မာ့ဆိုင်းဝိုင်းကို အတော်စွဲမက်ခဲ့ကြ**

ဆိုင်းဝိုင်းဆိုလည်း လူအများ နားခံသာစေဖို့ ငြိမ့်ငြိမ့်ညောင်းညောင်း သာယာနာပျော်ဖွယ်ဖြစ်အောင် ကြေးကို ဦးစားပေးသင့်ကပေးရ၊ မောင်းကို ဦးစားပေးသင့်ကပေးရ၊ နှဲကိုဦးစားပေးသင့်က ပေးရပါတယ်။ နားမလည်သူအချို့ကတော့ ဆိုင်းတီးရင်မြည်မှ ကြိုက်ကြတယ်၊ မြည်အောင်တီးမှ ဆိုင်းကောင်းလို့ယူဆကြတယ်။ ရှေးခေတ်ဆိုင်းပညာရှင်ကြီးတွေကတော့ နားထောင်ချင့်စဖွယ်ဖြစ်အောင်၊ နားဝင်ချိုသာအောင်၊ ပီသအောင် တီးမှုတ်ဖျော်ဖြေခဲ့ကြတဲ့အတွက် ပရိသတ်တွေဟာ မြန်မာ့ဆိုင်းဝိုင်းကို အတော်စွဲမက်ခဲ့ကြပါတယ်။

ရှေးအခါက ဆိုင်းပညာရှင်ကြီး ဦးဟန်ပဆိုရင် ဆိုင်းသံကို စောင်းသံထွက်အောင်တီးနိုင်သလို ရှေးသီချင်းကြီး၊ သီချင်းခန့်များကို သရုပ်မှန်၊ မူမှန် တီးပြနိုင်တဲ့အတွက် ဆိုင်းပညာကို ရာနှုန်းပြည့် တတ်မြောက်သူဖြစ်ကြောင်း ဆိုင်းလောကကြီးတစ်ခုလုံးက အသိအမှတ်ပြုခဲ့ကြပါတယ်။ အောင်မောင်းဇာတ်မထွက်မီ ဦးဟန်ပရဲ့ ညှော့ခံတီးလုံး (ဝါ) လူခေါ်တီးလုံး ဆိုင်းသံကြားရတာနဲ့တင် ပရိသတ်တွေဟာ လက်မှတ်ဝယ်ပြီး ရုံထဲဝင်ကြတော့တာပါပဲတဲ့။

ပြည်တော်သာဇာတ်က အညာဆိုင်းတွေ ရန်ကုန်မြို့မှာ လာရောက်တီးကြတဲ့အခါ စိန်မောင်ကို ဆိုင်းကို လူငယ်တွေ ခုံခုံမင်မင်ကြိုက်နှစ်သက်ခဲ့ကြတယ်လို့လည်း ဆရာကြီးသခင်အောင်ဖေက ဆိုပါတယ်။ ရန်ကုန်မြို့မှာလည်း နာမည်ကျော်ဆိုင်းတွေရှိခဲ့ကြရာမှာ လူကြီးလူငယ် လူရွယ်လူလတ် လက်ခံပြီး လူတကာစွဲမက်အောင် ပညာသားပါပါ အသုံးတော်ခံနိုင်တဲ့ ဆိုင်းကတော့ စိန်ဗိုလ်တင့်ပဲ ဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့ အတွဲဆိုရင် ရန်ကုန်လူထုအကြိုက်ဆုံးဖြစ်ခဲ့ပြီး လမ်းမဆံ့၊ ရပ်ကွက်မဆံ့အောင် ကြည့်ရှုခဲ့ကြပါတယ်။

စိန်ဗိုလ်တင့်နဲ့ အမာစိန်အတွဲဟာ တစ်ခေတ်က စိန်ဗေဒါနဲ့ လေဘာတီမမြရင်တို့ အတွဲညီပုံမျိုးလို့ ဆိုကြတယ်။ အမာစိန်နဲ့ စိန်ချစ်တီးအတွဲကိုလည်း ရန်ကုန်မြို့ခံလူထုက ကြိုက်ကြတယ်။ ဆိုင်းလောကရဲ့ စွယ်စုံရပညာရှင် စိန်ဗေဒါဟာ ဆိုင်းကိုမြည်အောင်တီးခြင်း မဟုတ်ဘဲ ပီသအောင်တီးတတ်သူလို့ ဆိုပါတယ်။ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဦးဟန်ပ၊ ဦးဘမောင်စတဲ့ ဆိုင်းပညာရှင်ကြီးတွေရဲ့ ထားရစ်ခဲ့တဲ့ ဆိုင်းအမွေဟာ ယနေ့တိုင် ကျေးလက်နဲ့ မြို့ပြဒေသတွေမှာ ဆက်လက်ရှင်သန်နေဆဲပါ။

ထို့အတူ ရှေးရှေးက ဂီတစာဆိုပညာရှင်ကြီးတွေ ရေးစပ်သီကုံးဖွဲ့ဆိုခဲ့တဲ့ သီချင်းကြီးလို့ခေါ်ကြတဲ့ ဘွဲ့၊ ယိုးဒယားပတ်ပျိုး စတဲ့သီချင်းကြီးတွေ၊ ဘောလယ်၊ တေးထပ်၊ ရတု၊ ရကန်များစွာဟာလည်း မျိုးဆက်သစ် အနုပညာရှင်တွေအတွက် သာမက နိုင်ငံတော်အတွက်လည်း တန်ဖိုးမဖြတ်နိုင်တဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေလည်း ဖြစ်ပါပေတယ်။

ရှေးဂီတစာဆိုပညာရှင်ကြီးတွေဟာ တေးသီချင်းတွေကို ရေးစပ်သီကုံးဖွဲ့ဆိုရာမှာ ကိုယ်စပ်ချင်သလိုစပ်၊ ရေးချင်သလို ရေးစပ်ခဲ့ကြတာမျိုးမဟုတ်ပါဘူး။ သီချင်းကြီး၊ ဘောလယ်၊ တေးထပ်၊ ယိုးဒယားပတ်ပျိုး၊ ဘွဲ့ စတာတွေကို သူ့စပ်နည်း စပ်ဟန်၊ စည်းကမ်းကလနားဘောင်သတ်မှတ်ချက်နဲ့အညီ ရေးစပ်သီကုံးခဲ့ကြတာဖြစ်ပါတယ်။ ဆိုဟန်ဆိုလည်း ကိုယ်ကြိုက်သလိုဆိုလို့ရတာ မဟုတ်ပါဘူး။ ရတုနဲ့ ရကန်ဆိုနည်းမှာတောင် အသံတည်ပုံ၊ အသံအလေးအနက်၊ အတက်အကျ၊ အနိမ့်အမြင့် မတူဘူးလို့ဆိုပါတယ်။ သို့ကြောင့်မို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို မြန်မာနိုင်ငံသားတိုင်း လေးစားတန်ဖိုးထားတတ်ကြဖို့ လိုပါတယ်။ မတိမ်ကော မပပျောက်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြဖို့ လိုပါတယ်။

**စာမျက်နှာ ၁၁ သို့** ☆

**❛ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေသာ မရှိခဲ့ရင်၊ ရှိသော်လည်း အချိန်အတန်ကြာ မကျင်းပနိုင်ခဲ့လို့ရှိရင် အနာဂတ် မြန်မာ့ကျေးလက်ဒေသတောရွာတွေရဲ့ အလှူမင်္ဂလာပွဲတွေ၊ ရှင်ပြုနားသ စတဲ့ ဘာသာရေးအခမ်းအနားပွဲတော်တွေမှာ မင်္ဂလာကျက်သရေရှိတဲ့ မြန်မာသံစဉ်တေးသီချင်းတွေ၊ အိုးစည်၊ ဒိုးပတ်၊ မြန်မာ့ဆိုင်းဝိုင်းတွေအစား ခုနက ခုတင်ခင်း Rap သီချင်းနဲ့ တွန့်လိမ်ကောက်ကွေးအဆိုအကတွေ၊ ဗုံမဟုတ်ပတ်မဟုတ် ဖားတစ်ပိုင်းငါးတစ်ပိုင်း ဖက်စပ်အဆိုအကတွေကိုပဲ ကျွန်မတို့သာမက နောင်လာနောက်သားတွေပါ ကြည့်ကြရမှာဖြစ်ပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ဆယ်စုနှစ်များစွာ အချိန်ကြာလာတာနဲ့အမျှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာဆိုတာကို နိုင်ငံခြားတိုင်းပြည်တွေမဆိုထားဘိ ကိုယ့်သားစဉ်မြေးဆက်တွေကိုတောင် ရေရေရာရာလက်ညှိုးထိုးပြစရာ ကျန်မှာမဟုတ်တော့ပါဘူး ❜**

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၌ ဟိုတယ်နှင့်တည်းခိုခန်းများ ကြိုတင်မှာယူမှုဖြင့် အခန်းများပြည့်နေ



ရန်ကုန် အောက်တိုဘာ ၈

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့စုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ နှစ်စဉ် သီတင်းကျွတ်ကာလ၌ ခရီးသွားများ ပိုမိုဝင်ရောက်လေ့ရှိရာ ယခုနှစ် သီတင်းကျွတ်လပြည့်နေ့အပါအဝင် အဖိတ်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့တို့တွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားများနှင့် ဆီမီးပူဇော်ကုသိုလ်ယူကြမည့် ဘုရားဖူးများ၏ ကြိုတင်မှာယူမှုများဖြင့် ဟိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းများပြည့်နေကြောင်း သိရသည်။

ယမန်နှစ်ပွဲတော်ကာလတွင် သီတင်းကျွတ် အဖိတ်နေ့မတိုင်မီ မြန်မာပြည်တစ်ဝန်းမှ ဘုရားဖူး ခရီးသွားများ တဖွဲဖွဲဝင်ရောက်ခဲ့ပြီး ရုံးပိတ်ရက် ကာလအတွင်း ဘုရားဖူးခရီးသွားများ အထူးစည်ကား ခဲ့မှုကြောင့် ဟိုတယ်များလူပြည့်ခဲ့ရာ ဘုရားဖူးများ ကားလမ်းဘေးတစ်လျှောက်တွင် ယာဉ်များပေါ်၌ လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရား စောင်းတန်းတို့တွင် လည်းကောင်း တည်းခိုရသည် အထိ ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှု စည်ကား ခဲ့သည်။

အေးချမ်းသာယာသည့် ပုဂံဒေသတွင် ယမန်နှစ် အောက်တိုဘာ ၉ ရက် သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွားသိန်းကျော် ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ တည်းခိုခန်းများနှင့် ဒေသခံများအလုပ်အကိုင် ပွင့်လန်းခဲ့သည်။ ယခုနှစ်သီတင်းကျွတ်ပွဲတော် ကာလ၌ ယမန်နှစ်ကကဲ့သို့ ခရီးသွားများပြားနိုင်မှု ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်မှုအပေါ် ဒေသခံများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက်ရှိသည်။

"ဒီနှစ်သီတင်းကျွတ်ကာလ ခရီးသွားစည်ကား မယ့်သဘောပါ။ မနှစ်ကလိုပဲ စည်ကားမှာပါ။ အဖိတ်နေ့၊ လပြည့်နေ့နဲ့ လပြည့်ကျော်ရက်တွေမှာ အခန်းမှာယူမှုပြည့်နေပါပြီ။ ကျန်တဲ့ရက်တွေအတွက် ဟိုတယ်နဲ့တည်းခိုခန်းတွေ ရှိနေပါသေးတယ်။ ပုဂံ ဒေသဟာ အေးချမ်းသာယာတဲ့ ဒေသဖြစ်တာကြောင့် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနဲ့ ရန်ကုန်က ခရီးသွားတွေ ဝင်ရောက်နိုင်တဲ့အတွက် ဟိုတယ်၊ တည်းခိုခန်းတွေမှာ ကြိုတင်မှာယူထားကြတာပါ။ ခရီးသွားလုပ်ငန်းနဲ့ ရှင်သန်တဲ့ဒေသဖြစ်တာကြောင့် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းမှု အပေါ် အားရကျေနပ်မှုဖြစ်ရပါတယ်။ မနှစ်ကလည်း ခရီးသွားများပြားခဲ့တာကြောင့် ဒီနှစ်လည်းခရီးသွား မနည်းမှာသေချာပါတယ်။ ခရီးသွားတွေကို အကောင်းဆုံးဝန်ဆောင်မှု ကောင်းတွေပေးနိုင် အောင်ပြင်ဆင်နေတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရ ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ ပေါင်း ၃၈၃၇ ဆူရှိ၍ သီတင်းကျွတ်လပြည့်နေ့၌ ပုဂံဒေသခံများက ရွှေစည်းခုံစေတီတော်မြတ်နှင့် ကျေးရွာအလိုက် စေတီငယ်တို့တွင် ဆီမီးများပူဇော် ကြလေ့ရှိကာ ခရီးသွားများက အထင်ကရနေရာများ ဖြစ်သည့် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာစေတီတော်၊ မြစေတီ၊ လောကနန္ဒာနှင့် ဓမ္မရာဇကတို့တွင် နံနက်ပိုင်း ဆွမ်းကပ်လှူခြင်းနှင့် ညပိုင်းဆီမီး ပူဇော်မှုတို့ဖြင့် ကုသိုလ်ယူကြပြီး အထူးစည်ကားလေ့ ရှိသည်။

"ကျွန်တော်တို့ တည်းခိုခန်းတွေဆိုရင် အောက်တိုဘာ ၁၆/ ၁၇/ ၁၈ ရက်တွေအတွက် အခန်း ပြည့်နေပါပြီ။ ခရီးသွားတွေအဆင်ပြေအောင် အခန်းခတွေက အရင်ဈေးအတိုင်းပါပဲ။ ခရီးသွား တွေဟာ ကျေးဇူးရှင်တွေဖြစ်တဲ့အတွက် သူတို့ အဆင်ပြေအောင် ဝန်ဆောင်ပေးတာဟာ ပုဂံဒေသရဲ့ ဂုဏ်ကိုမြှင့်တင်မှုတစ်ခုပါပဲ။ ပွဲတော်ကာလ လျှပ်စစ်မီးအဆင်ပြေရင် ဝမ်းသာကြမှာပါ။ တည်းခိုခန်း ပေါင်း ၃၉ လုံးက ခရီးသွားပြည်သူတွေကို ဝန်ဆောင်မှု ကောင်းပေးဖို့ အားလုံးအသင့်ဖြစ်နေပါပြီ" ဟု ပုဂံခြံအမှတ်(၁၈) တည်းခိုခန်းမှ ဦးမိုးဝေက ပြောသည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တည်းခိုနိုင်ရန် လိုင်စင်ရ ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၁၅၃ လုံးရှိပြီး တည်းခိုခန်းများ တွင်လည်း အခန်းကြိုတင်မှာယူမှု ပြည့်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၈

ရေဘေးဒဏ်ခံစားရသောဒေသများအတွက် စင်ကာပူနိုင်ငံ Mahakaruna Buddhist Society ၊ Singapore Sinhala Buddhist Association နှင့် Willing Hearts Foundation တို့က အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများ လွှဲပြောင်း ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး ကျေးဇူး တင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း ကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်း ဆက်သွယ်ပေးမှုအရ ဆရာတော် Dr. K. Gunaratana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် သို့ အောက်တိုဘာ ၈ ရက်က ရောက်ရှိပြီး အလှူပစ္စည်း များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ ကာ နေပြည်တော်အတွင်း ရေဘေးသင့်ဒေသများသို့ အလှူရှင်များကိုယ်တိုင် သွားရောက်ထောက်ပံ့ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**




☆ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်အစိုးရ အဆက်ဆက်က လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ် အထိ ကာလအတွင်းမှာတော့ ကျင်းပပေးခဲ့ခြင်းမရှိဘဲ ခေတ္တရပ်ဆိုင်း ပြတ်တောက်သွားခဲ့ရာမှ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်မှာ ၂၀၂၂ ခုနှစ်ကစတင်ပြီး ခမ်းနားစည်ကားစွာ ပြန်လည်ကျင်းပ ပေးခဲ့ပါတယ်။

မကြာမီကျင်းပတော့မယ့် (၂၅)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုရင် ငွေရတု သက်တမ်း ပြည့်မြောက်လာခဲ့ပါပြီ။ နိုင်ငံတော်အစိုးရကလည်း ငွေရတု အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ဖို့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က အရှည်မြော်တွေးကာ ငွေရတုကာလတိုင်အောင် ငွေကုန် ကြေးကျခံပြီး ပြုလုပ်အားပေးခဲ့တဲ့ အတွက်ကြောင့်မို့လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာရပ်ဟာ မတိမ်ကော မပျောက်ကွယ် ခါးဆက်ပြတ် မသွားဘဲ နိုင်ငံအနှံ့အပြားက ရွက်ပုန်းသီး မျိုးဆက်သစ် အနုပညာရှင်များစွာကို ပြိုင်ပွဲကြီးကတစ်ဆင့် ဆက်လက် မွေးထုတ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မသိနားမလည်သူတွေအဖို့ကတော့ အပိုအလုပ်တွေလို့ ပေ့ါပေ့ါတွေး လွယ်လွယ်ပြောချင် ပြောကြလိမ့်မယ်။ သို့ပေမဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေသာ မရှိခဲ့ရင်၊ ရှိသော်လည်း အချိန်အတန်ကြာ မကျင်းပနိုင်ခဲ့လို့ရှိရင် အနာဂတ် မြန်မာ့ ကျေးလက်ဒေသတောရွာတွေရဲ့ အလှူ မင်္ဂလာပွဲတွေ၊ ရှင်ပြုနားသ စတဲ့ ဘာသာ ရေးအခမ်းအနားပွဲတော်တွေမှာ မင်္ဂလာ ကျက်သရေရှိတဲ့ မြန်မာသံစဉ်တေးသီချင်း တွေ၊ အိုးစည်၊ ဒိုးပတ်၊ မြန်မာ့ဆိုင်းဝိုင်း တွေအစား ခုနက ခုတင်ခင်း Rap သီချင်း နဲ့ တွန့်လိမ်ကောက်ကွေး အဆိုအကတွေ၊ ဗုံမဟုတ်ပတ်မဟုတ် ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဖက်စပ်အဆိုအကတွေကိုပဲ ကျွန်မတို့သာမက နောင်လာနောက်သား တွေပါ ကြည့်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ဆယ်စုနှစ်များစွာ အချိန် ကြာလာတာနဲ့အမျှ မြန်မာ့ရိုးရာယဉ်ကျေး မှု အဆို၊ အက၊ အရေး၊ အတီးပညာ ဆိုတာကို နိုင်ငံခြားတိုင်းပြည်တွေ မဆို ထားဘိ ကိုယ့်သားစဉ်မြေးဆက်တွေ ကိုတောင် ရေရေရာရာလက်ညှိုးထိုးပြ စရာ ကျန်မှာမဟုတ်တော့ပါဘူး။

သို့အတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေးစတဲ့ ရည်ရွယ်ချက်တွေ နဲ့အညီ မကြာမီကျင်းပတော့မယ့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျွန်မတို့ ဂုဏ်ပြုကြိုဆိုရင်း လက်ခုပ်သြဘာသံ အပြည့်နဲ့ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် အားပေးကြပါစို့။ ။

**ကိုးကား။ သခင်အောင်ဖေ၏ "ဂီတ ဆိုသည်မှာ" နှင့် "သဘင်သုံးရပ်အရေး" ဆောင်းပါးများ။**

✪ ကျောဖုံးမှ

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်း နှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် Asean Cup ပြိုင်ပွဲ (ယခင် တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ)တွင် ဗိုလ်လု ပွဲသို့ တစ်ကြိမ်မျှ တက်ရောက်ဖူးခြင်းမရှိသေးဘဲ အမြင့်ဆုံးရပ်တည်မှု အဖြစ် ဆီမီးဖိုင်နယ် နှစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အောက်တိုဘာလတွင် သီရိလင်္ကာလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ၊ နိုဝင်ဘာလတွင် စင်ကာပူလက်ရွေးစင်အသင်း၊ လက်ဘနွန် လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# မွန်ပြည်နယ် ဝန်ကြီးချုပ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အင်္ဂမြောက်နေ့ ကောက်ယူနေမှု ကြည့်ရှုအားပေး



မော်လမြိုင် အောက်တိုဘာ ၈

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ စတင် ကောက်ယူလျက်ရှိရာ ယနေ့ အင်္ဂမြောက်နေ့ သန်းခေါင်စာရင်းများကောက်ယူခြင်း ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့ မြို့မ (၄) ရပ်ကွက်အတွင်း ခရိုင်နှင့် မြို့နယ် သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် စာရင်းစစ်၊ စာရင်းကောက်များက CAPI နည်းပညာ အသုံးပြု၍ Tablet များဖြင့် တစ်အိမ်တက်ဆင်းစနစ်ဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုတို့ဖြင့် ကောက်ယူ မေးမြန်းနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး လိုအပ်သည့် အကူအညီများကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

မွန်ပြည်နယ်အနေဖြင့် မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၃၆၇၅ ကွက်ဖြင့် ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၁၂၀၂ ဦးဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

# ပင်းတယမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ပင်းတယ အောက်တိုဘာ ၈

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ယနေ့နံနက် ၇ နာရီမှ စတင်၍ သီရိမင်္ဂလာရပ်ကွက်၊ ပွေးလှ၊ ထွက်နီ၊ ပန်းစစ်၊ ကျုံး၊ ကျောက်စု၊ ကူးကော်၊ ရှားပြား၊ အင်းငယ်၊ မိုင်းလီ၊ တောင်ရှည်နှင့်နန်းကုန်းကျေးရွာအုပ်စုတို့တွင် တစ်အိမ်တက်ဆင်းစနစ်ဖြင့် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းကို ဆက်လက်ကောက်ယူနေကြောင်း သိရသည်။

ပင်းတယမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုတို့တွင် သန်းခေါင်စာရင်းကောက်ကွက် ၁၆၈ ကွက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ပေါင်း ၁၂ ဖွဲ့၊ ကျောင်းဆရာဆရာမ ၆၃ ဦးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းကာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



# ကျွန်းလှမြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ကျွန်းလှ အောက်တိုဘာ ၈

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။



**ကောက်ယူလျက်ရှိ**

ကျွန်းလှမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ စတင်ပြီး စာရင်းစစ်၊ စာရင်းကောက် ၂၇ ဦး၊ စာရင်းကောက်ခြောက်ဖွဲ့၊ ရပ်ကွက်ကြီးလေးရပ်ကွက်၊ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာ ၂၅ ရွာ၊ ကောက်ကွက် ၅၈ ခုကို CAPI စနစ်အသုံးပြုပြီး Mobil Table ဖြင့် ကောက်ယူခဲ့ရာ ယမန်နေ့အထိ အိမ်ထောင်စု ၃၅၂၈ စု၊ အမျိုးသား ၅၇၄၄ ဦး၊ အမျိုးသမီး ၇၅၅၂ ဦး စုစုပေါင်း ၁၃၂၉၆ ဦး (၆၀ ဒသမ ၃၄) ရာခိုင်နှုန်း ကောက်ယူပြီး ဖြစ်ကြောင်း၊ ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများတွင်လည်း ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူနေခြင်းကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် ကော်မတီဝင်များ၊ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးလျှံမြတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# မြဝတီမြို့၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းကောက်ယူနေမှု တာဝန်ရှိသူများ လိုက်လံကြည့်ရှု

မြဝတီ အောက်တိုဘာ ၈

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**လိုက်လံကြည့်ရှု**

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် မထပ်၊ မကျန် တိကျမှန်ကန်မှုရှိစေရေးအတွက် မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအလိုက် အဖွဲ့များခွဲပြီး တစ်အိမ်တက်ဆင်းစနစ်ဖြင့် Mobile Tablet အသုံးပြု၍ မေးခွန်းများ မေးမြန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြဝတီမြို့နယ်အနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အောက်တိုဘာ ၇ ရက်ထိ ကောက်ယူပြီးစီးသည့် စာရင်းကောက်ကွက်ပေါင်း ၇၂ ခု၊ အိမ်ထောင်စု ၁၅၈၇၂ စုမှ လူဦးရေ ၆၁၀၉၁ ဦးတို့အား စာရင်းကောက်ယူနိုင်ခဲ့ပြီး အလားတူ ကျန်ရှိသည့် ကောက်ကွက်များအလိုက် အိမ်ထောင်စုလူဦးရေစာရင်းများကို ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# မုံရွာမြို့၌ သန်းခေါင်စာရင်းကောက်ယူခြင်း အင်္ဂမနေ့ ကွင်းဆင်းဆောင်ရွက်

မုံရွာ အောက်တိုဘာ ၈

မုံရွာမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet များအသုံးပြု၍ နတ်လူထိပွန်ရပ်ကွက်တွင် ယနေ့နံနက် ၇ နာရီက ဆက်လက်ကောက်ယူလျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်နေသော စာရင်းစစ်၊ စာရင်းကောက်များအားတိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမတွင် တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မုံရွာမြို့ နတ်လူထိပွန်ရပ်ကွက်တွင် သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူနေမှုတို့ကို မုံရွာခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်ပါကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ



ထားဝယ် အောက်တိုဘာ ၈

ထားဝယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ထားဝယ်မြို့နယ်ရှိ ရပ်ကွက်အလိုက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်အိမ်တက်ဆင်း ကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်နေ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထားဝယ်မြို့နယ်အတွင်း၌ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအုပ်စုတစ်ခု၊ ကောက်ကွက်ပေါင်း ၁၂၄ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၉၄ ဦးတို့က အဖွဲ့များခွဲ၍ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က အစ္စရေးနိုင်ငံ ကမ်းရိုးတန်းရှိ ဟိုင်ဖာပင်လယ်အော်ဒေသအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်



**ဂျေရုဆလင် အောက်တိုဘာ ၈**

ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့သည် အစ္စရေးနိုင်ငံ ကမ်းရိုးတန်းရှိ ဟိုင်ဖာပင်လယ်အော်ဒေသအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယနေ့ ဆင်ဟွာ သတင်းအရ သိရသည်။

**ထိမှန်ခဲ့**

အဆိုပါ တိုက်ခိုက်မှုအတွင်း အသက် ၇၀နှစ်အရွယ်ရှိ ဒေသခံအမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရပြီး ဒုံးကျည်များသည် ဟိုင်ဖာပင်လယ်အော်ဒေသအနီး ကီရတ်ယန်မြို့ရှိ လူနေအိမ်ခြေများကို ထိမှန်ခဲ့သည်။

ယင်းတိုက်ခိုက်မှုများသည် ဂါဇာဒေသရှိဒေသခံများနှင့် တစ်သားတည်းရှိကြောင်း ပြသခြင်းဖြစ်ပြီး အစ္စရေးတပ်မတော်၏ လက်ဘနွန်အား တိုက်ခိုက်နေခြင်းကို တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က ပြောကြားသည်။ အစ္စရေးတပ်မတော်ကလည်း အောက်တိုဘာ ၈ ရက်တွင် အစ္စရေး-လက်ဘနွန်နယ်စပ်သို့ တင့်ကားတပ်ဖွဲ့များစေလွှတ်ပြီး ဟစ်ဇ်ဘိုလာစစ်သွေးကြွများ၏ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်။ ထို့ပြင် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာစစ်သွေးကြွများ၏ စစ်ဆင်ရေးဌာနချုပ်ကိုလည်း တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

လက်ဘနွန်နိုင်ငံ နယ်စပ်အနီးရှိ မြို့လေးမြို့အား စစ်မက်ဇုန်များအဖြစ် အစ္စရေးတပ်မတော်ကကြေညာခဲ့ပြီး မြေပြင်စစ်ဆင်ရေးများ တိုးမြှင့်ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်နယ်စပ်အနီးရှိ ရှော့ချ် ဟာနီကယာ၊ ရှလွန်မီ၊ ဟာနိတာနှင့် အာရပ်အယ်လ် အေရန်ရှီ မြို့တို့သို့ ဝင်ထွက်သွားလာခွင့်ကို အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် ၂၂ နာရီ မှ စတင်၍ ပိတ်ပင်လိုက်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ ကမ်းရိုးတန်းဒေသများတွင် စစ်ဆင်ရေးများ ဆောင်ရွက်မည်ဖြစ်သဖြင့် အရပ်သားများရွှေ့ပြောင်းကြရန် အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူ အေဗာချိုင်အေဒရီက ညွှန်ကြားခဲ့ပြီးနောက် အဆိုပါမြို့များအား ဝင်ထွက်ခွင့်ပိတ်ပင်ကာ စစ်မက်ဇုန်များအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ အစ္စရေးတပ်မတော်သည် စက်တင်ဘာ ၂၃ ရက်မှ စတင်၍ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့အား တိုက်ခိုက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# လက်ဘနွန်နိုင်ငံ၌ သောင်တင်နေသည့် ဂျော်ဒန်နိုင်ငံသားများအား ကယ်ဆယ်

**အာမန် အောက်တိုဘာ ၈**

လက်ဘနွန်နိုင်ငံ၌ သောင်တင်နေသည့် ဂျော်ဒန်နိုင်ငံသား ၄၄ ဦးအား ဂျော်ဒန် တပ်မတော်က လေယာဉ်များဖြင့် အောက်တိုဘာ ၇ ရက်က ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

**ဆိုက်ရောက်**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ တင်ဆောင်လာသည့် ၎င်းလေယာဉ်သည် လက်ဘနွန်နိုင်ငံ ယာဖစ်ဟာရီရီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့အောက်တိုဘာ ၇ရက်က ဆိုက်ရောက်လာခဲ့သည်။ ဒေသတွင်း ပဋိပက္ခများအရှိန်မြင့်နေချိန်တွင် ပထမဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းမှာ လက်ဘနွန်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုများ ချုပ်ငြိမ်းရေးနှင့် ဒုတိယအချက်မှာ လက်ဘနွန်နိုင်ငံအတွက် လိုအပ်နေသည့် ထောက်ပံ့ရေးပစ္စည်းများ ရရှိရေးပင်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အေမန်ဆဖာဒီက ပြောကြားသည်။

ဂါဇာဒေသနှင့် အနောက်ဘက်ကမ်းခြေဒေသများတွင် အပစ်အခတ် ရပ်စဲရေးအတွက်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ ဩဂုတ်လမှစတင်၍ ဂျော်ဒန်နိုင်ငံသား ၃၂၁၉ ဦး နေရပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# လက်ဘနွန်နိုင်ငံ၌ သောင်တင်နေသည့် တူကီယဲနိုင်ငံသားများအား ရေတပ်သင်္ဘောများဖြင့် သွားရောက်ကယ်ဆယ်မည်

**အန်ကာရာ အောက်တိုဘာ ၈**

လက်ဘနွန်နိုင်ငံ၌ အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုများ ပြင်းထန်လာသဖြင့် လက်ဘနွန်နိုင်ငံရှိ တူကီယဲနိုင်ငံသားများအား ပင်လယ်ရေလမ်းကြောင်းမှတစ်ဆင့် ကယ်ဆယ်မှုများဆောင်ရွက်မည်ဟု တူကီယဲနိုင်ငံက အောက်တိုဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။ တူကီယဲရေတပ်မှ သင်္ဘောနှစ်စင်းသည် ၎င်းကယ်တင်မှု စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘေရွတ်မြို့သို့ အောက်တိုဘာ ၈ ရက်တွင် ထွက်ခွာရန် စီစဉ်ထားကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ သင်္ဘောနှစ်စင်းတွင် ခရီးသည်ပေါင်း ၂၀၀၀ ခန့် လိုက်ပါနိုင်ကာ ကယ်ဆယ်ရွှေ့ပြောင်းရေးဆိုင်ရာ အသေးစိတ် အချက်အလက်များကို ကောင်စစ်ဝန်ရုံးသို့ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေယာဉ်များသည် လက်ဘနွန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကင်ညာနိုင်ငံရှိ နိုင်ငံသားတစ်သန်းခန့် စားရေရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရ

**နိုင်ရိုဘီ အောက်တိုဘာ ၈**

ကင်ညာနိုင်ငံရှိ နိုင်ငံသား အနည်းဆုံးတစ်သန်းခန့်သည် စားရေရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေကြောင်း ကင်ညာနိုင်ငံ အမျိုးသားမိုးခေါင်ရေရှားမှုစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။ လက်ရှိအချိန်တွင် ကိုယ်ဝန်ဆောင် ၁၁၂၄၀၁ ဦးမှာ အာဟာရချို့တဲ့မှုဖြင့် ဆေးဝါးကုသရန် လိုအပ်နေကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအအတွင်းရှိ စီရင်စု ၄၇ စုအနက် ၂၃ စုတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မိုးခေါင်ရေရှားမှုဒဏ်ကို ဒေသခံများ ခံစားနေရကြောင်း ကင်ညာနိုင်ငံ အမျိုးသားမိုးခေါင်ရေရှားမှုစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ အာဖရိကအငူဒေသတွင် စားရေရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသူ ၆၆ ဒသမ ၇ သန်းရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မှတ်တမ်းအရ သိရသည်။

၎င်းတို့အနက် ၃၉ ဒသမ ၁ သန်းမှာ ဒီဂျေဘိုတူ၊ ကင်ညာ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ဆူဒန်နှင့် ယူဂန္ဓာနိုင်ငံများမှ ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်း ၃၁၅ခု ဆွဲဆောင်နိုင်ခဲ့

**ဖနောင်ပင် အောက်တိုဘာ ၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်း ၃၁၅ ခုကို လာရောက် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နိုင်ခဲ့ပြီး ယင်းစီမံကိန်းများ၏ တန်ဖိုးမှာ ကန်ဒေါ်လာ ၅ ဒသမ ၂၈ ဘီလီယံရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

ယင်းစီမံကိန်းများ၌ နိုင်ငံသားများအတွက် အလုပ်အကိုင်နေရာ ၂၅၀၀၀၀ ကို ဖန်တီးပေးနိုင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံသည့်စီမံကိန်းများမှာ အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်၊ ဖိနပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေး၊ ရေနက်ဆိပ်ကမ်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်း၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ အပန်းဖြေကစားကွင်း တည်ဆောက်ရေးလုပ်ငန်း၊ ကားတာယာထုတ်လုပ်ရေးလုပ်ငန်းနှင့် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြစ်သည်။

စက်တင်ဘာလ တစ်လတည်း၌ပင် ကန်ဒေါ်လာ ၄၄၃ သန်းတန်ကြေးရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်း ၂၈ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်နေရာ ၂၅၀၀၀ ကို ဖန်တီးပေးခဲ့ကြောင်း



နှင့်တရုတ်နိုင်ငံသည်ကမ္ဘောဒီးယားနိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအများဆုံး ဆောင်ရွက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ထပ်လောင်းပြောကြားသည်။ ဒေသတွင်းပြီးပြည့်စုံသည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်၊ ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေသစ်တို့သည် နိုင်ငံအတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်ကပြောကြားသည်။

တရုတ်နိုင်ငံမှ ရရှိသည့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှ အကူအညီပေးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Skill Min Thar Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ဘိုအောင်နိုင်အား ညနေ ၆ နာရီ ၅ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချင်းတွင်းမြစ်ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၈) သုခဝတီရပ်ကွက် ချင်းတွင်းမြစ်ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက် သမားများသည် အဆိုပါ မြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ ရှိကြောင်း၊ ထို့အပြင် ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှု မရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက် အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲစေရန်အတွက် အထောက်အထား မရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန် လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးအား ပစ်ခတ်ဖမ်းဆီး



အကြမ်းဖက်သမား၏ ဆိုင်ကယ်မှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှစ်လုံးကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး-ပုဂံသွားကားလမ်းပေါ်၌ အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် လက်လုပ်မိုင်းများ သယ်ဆောင်လာသည့် အကြမ်းဖက်သမားတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုမရှိစေရေးနှင့် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့နံနက် ၆ နာရီခန့်တွင် ပုဂံမြို့တွင်းသို့ ညောင်ဦးမြို့ဘက်မှ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား လိုအပ်သည်များ စစ်ဆေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်တိမ်းမှောက်ရပ်တန့်သွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဆိုင်ကယ်အားသွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခွကြားတွင် ညှပ်၍သယ်ဆောင်လာသည့် ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသောလက်လုပ်မိုင်းနှစ်လုံး သိမ်းဆည်းရမိကာ ဆိုင်ကယ်မောင်းနှင်သူ အကြမ်းဖက်သမားသည် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်လုပ်ရပ်များ မကျူးလွန်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


❖ **စပိန်နဲ့ ဘာစီလိုနာမှ**

ကွင်းလယ်ကစားသမား အင်နီယေစတာဟာ စပိန်အသင်းနဲ့ ဘာစီလိုနာအသင်းတို့မှာ ဇာဗီဟာနန်ဒက်ဇ်၊ ဆာဂျီယိုဘက်စကွက်တို့နဲ့ အတူ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်နီယေစတာဟာ နိုင်ငံအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၁၃၁ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်အသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါ့ပြင် အင်နီယေစတာအနေနဲ့ ယူရို ၂၀၀၈ နဲ့ ၂၀၁၂ တို့မှာ စပိန်အသင်းနဲ့အတူ ချန်ပီယံ ဆုဖလားတွေကို ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား အင်နီယေစတာဟာ ဘာစီလိုနာကစားသမားဘဝကို ၂၂ နှစ်ကြာဖြတ်သန်းခဲ့ပြီး စပိန်လာလီဂါဖလားကိုးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားလေးကြိမ်အပါအဝင် ဆုဖလား၃၉ လုံးအထိရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အင်နီယေစတာဟာ ဘာစီလိုနာအသင်းရဲ့ ကစားသမားဘဝကို ၂၀၀၂ ခုနှစ်မှာ စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်းက ယူအေအီးသို့ ပြောင်းရွှေ့မကစားမီ ဂျပန်ကလပ် ဗစ်ဆယ်လ်ကိုဘီအသင်းကို ၂၀၁၈ ခုနှစ်အတွင်းက ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ပရို ပီသစွာ ရပ်တည်ပါ

## ငြိမ်းချမ်းအောင်

ငယ်စဉ်က ဖတ်ရှုခဲ့ဖူးသည့် ဆရာလင်းယုန်မောင်မောင်၏ **“ပုလဲဆိပ်ကမ်း တစ်နေ့တာမှတ်တမ်း”**စာအုပ်တွင် ဂျပန်စစ်လေယာဉ်များ အလစ်ဝင်ရောက်တိုက်ခိုက်နေသည့်ကြားမှ နီဗားဒါးစစ်သင်္ဘောပေါ်မှ ဘင်ခရာတီးဝိုင်းအဖွဲ့သည် အလံတင်အခမ်းအနားကိုပြီးစီးအောင် တီးမှုတ်သွားခဲ့သည်။ သူတို့တစ်သက်တာတွင် အမျိုးသားသီချင်းကို နှစ်ပေါင်းများစွာ တီးမှုတ်ခဲ့ရာ၌ တစ်ကြိမ်တစ်ခါမျှ တစ်ပိုင်းတစ်စဖြင့် ရပ်ပစ်ခဲ့ရခြင်းမရှိ၍ ဖြစ်သည်။

> **“လောကီနယ်ပယ်တွင်လည်း ပေါင်းစပ်၍မရနိုင်သည်များကို သူ့နယ်ပယ်နှင့်သူ၊ အကန့်လိုက်၊ အပိုင်းလိုက် ကန့်သတ်ခွဲခြားရှုမြင်ကြရပါမည်။ အရာရာကို နိုင်ငံရေးအမြင်ဖြင့်၊ နိုင်ငံရေးပေတံဖြင့် ရှုမြင်တိုင်းတာ၍ မရစကောင်းပေ။ နိုင်ငံရေးအသွေးအရောင် မည်မျှကွဲပြားခြားနားစေကာမူ မိမိဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ မိမိလုပ်ငန်းခွင်အတွင်း ပရိုပီသစွာ ရပ်တည်လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်”**

နှစ်မြုပ်လုဆဲဆဲ ဥက္ကလာဟိုးမားသင်္ဘောဝမ်းထဲရှိ ပွဲကိုင်အင်ဂျင်စက်ခန်းအတွင်း လှောင်ပိတ်မိနေကြသည့် သင်္ဘောသားရှစ်ဦးတို့မှာလည်း သင်္ဘောဝမ်းထဲမှ လွတ်မြောက်ရန် ကြိုးစားခဲ့ရာ၌ ဒီမိုကရေစီစနစ်ကို မြတ်နိုးသူများပီပီ သေအံ့ဆဲဆဲအချိန်မှာပင် ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးခဲ့ကြသည်။ သင်္ဘောဝမ်းထဲမှ လွတ်မြောက်ရေးအတွက် တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက ဒီမိုကရေစီစနစ်အရ အများသဘောတူမဲခွဲဆုံးဖြတ်ပြီးမှသာ လုပ်ကိုင်ခဲ့ကြလေသည်။

မျက်မှောက်ကာလတွင်လည်း ပရော်ဖက်ရှင်နယ် ဘောလုံးအားကစားသမားများသည် ပရိုပီသစွာ ကစားလေ့ရှိကြသည်။ အချို့တိုက်စစ်မှူးများဆိုလျှင် နှစ်ပေါင်းများစွာ ကျင်လည်ကစားခဲ့ဖူးသောအသင်းဟောင်းပင်ဖြစ်စေ ဂိုးသွင်းယူ၍ သူတို့၏ ပရိုပီသမှုကို ပြခဲ့ကြသည်။ သို့သော် ကစားသမားအချို့က အသင်းဟောင်းအပေါ် စွဲမြဲတည်ရှိခဲ့ဖူးသော သံယောဇဉ်အရ အောင်ပွဲခံခြင်းမပြုခဲ့ကြချေ။

မိမိတို့ နေ့စဉ်ကြုံတွေ့ခဲ့ရသည့် ပတ်ဝန်းကျင်တွင်မူ ပရိုပီသစွာရပ်တည်သူများ တစ်နေ့တခြားနည်းပါးလာသည်ဟု ဆိုရမည်။ လက်ရှိလုပ်ကိုင်နေသည့် ကိုယ့်အသက်မွေးဝမ်းကျောင်းမှုပညာနှင့် စပ်ဆိုင်သော အလုပ်အကိုင်အပေါ် အာရုံစူးစိုက်ရမည့်အစား လုပ်ငန်းနှင့်မစပ်ဆိုင် မဆီလျော်၊ သဘာဝမကျသော ပြုမူပြောဆိုမှုများကိုသာ နယ်ပယ်နေရာအနှံ့တွင် တွေ့မြင်လာရသည်။

တစ်နေ့က လမ်းကြုံ၍ ရပ်ကွက်ဈေးအတွင်း ဈေးဝင်ဝယ်ရင်း စိမ်းစိမ်းစိုစို ကန်စွန်းရွက်များကို တွေ့၍ ရွေးဝယ်နေခိုက် ကန်စွန်းရွက်သည်က မဆီမဆိုင် **“XX နိုင်ငံက ကန်စွန်းရိုးပွဆေးတွေ မရောင်းတော့လို့ ဈေးတွေတက်ကုန်တာ။ အဲဒီနိုင်ငံက မြန်မာနိုင်ငံကို ဒုက္ခပေးနေတာ”**ဟု ဆိုလေသည်။

> **“သဘာဝလောကကြီးအတွင်း နေထိုင်နေကြသော လောကလူသားများအဖို့ မိမိကျင်လည်ရပ်တည်ရာသဘာဝနှင့်အညီ လိုက်လျောညီထွေရှိရန် သဘာဝကျကျတွေးမြင် လုပ်ကိုင်ဆောင်ရွက်တတ်ဖို့လိုပါသည်။ အရာရာကို နိုင်ငံရေးသဘောထားအမြင်တစ်ခုတည်းဖြင့် ရှုမြင်၍မရပါ။ သူ့နယ်ပယ်နှင့်သူ၊ သူကဏ္ဍနှင့်သူ ခွဲခြားရှုမြင်ကြရပါမည်။ ထွေးရောယှက်တင်ပေါင်းစပ်၍မရသော အရာများ၊ နယ်ပယ်များစွာရှိပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ဘာသာရေးနယ်ပယ်ဖြစ်”**

“လာနော်၊ လတ်လတ်ဆတ်ဆတ် ကန်စွန်းရွက်တွေ တစ်စည်းမှငါးရာတည်း၊ တန်မှ တန်၊ လှမှလှ၊ ဦးရာလူရမယ်။ ရွေးဝယ်ထား” စသည်ဖြင့် ကိုယ့်ကုန်ပစ္စည်း အမြန်ဆုံး အရောင်းထွက်ရန် ဈေးခေါ်သံကိုမူ ဈေးထဲမှ ပြန်ထွက်ခဲ့သည့်တိုင် သူ့ထံမှမကြားမိခဲ့ချေ။

ထိုနည်းတူ လူသုံးကုန်ဆိုင်တစ်ဆိုင်တွင်လည်း **“ဘယ်ပစ္စည်းက ဘယ်ဈေး၊ ဘယ်ပစ္စည်းက ဈေးချိုပြီး အရည်အသွေးကောင်းသည်၊ ဘယ်ပစ္စည်းက လတ်တလောလူသုံးများသည်၊ ဒါလေးသုံးကြည့်ပါလား”** စသည်ဖြင့် မသိရ၊ မကြားရ။ ကြားရသည်က **“ဈေးတွေတက်မှာပေါ့၊ ငွေစက္ကူတွေကို အများကြီးရိုက်ထုတ်နေတာကိုး”**ဟူ၍သာ။

ကိုယ့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အလုပ်ကို အလုပ်နှင့်တူအောင် ပရော်ဖက်ရှင်နယ် ပီသစွာ ရောင်းဝယ်နေသူများလည်း မရှိမဟုတ်၊ ရှိပါသည်။

တစ်နေ့က အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် အိမ်ဆောက်ပစ္စည်းဆိုင်တစ်ဆိုင်တွင် အိမ်အတွက်လိုအပ်သော သဲ ကျပ်ငါးရာဖိုးဝယ်ဖြစ်သည်။ ထိုဆိုင်တွင် အိမ်အတွက် လိုအပ်သောပစ္စည်းတချို့ သုံး၊ လေး၊ ငါးကြိမ်ဝယ်ဖူးသည်။ သို့သော် တစ်ခါဝယ်လို့ တန်ဖိုးအားဖြင့် ငွေကျပ် သုံး၊ လေး၊ ငါးထောင်ပင် မရှိခဲ့ချေ။ သည်တစ်ခေါက်ဝယ်တော့ ဆိုင်အလုပ်သမားလေးမှာ ယခင်ထည့်ပေးနေကျလူ မဟုတ်ဘဲ လူသစ်ဖြစ်နေသည်။ ကောင်တာမှာ ထိုင်နေသည့် မုတ်ဆိတ်ဖားဖားနှင့် ဆိုင်ရှင်လူကြီးက အလုပ်သမား လူသစ်လေးလုပ်နေပုံကို အကဲခတ်နေရာမှ ချက်ချင်းထလာပြီး **“ဟေ့၊ အဲဒါ ငါ့ဖောက်သည်ကွ၊ ပိုထည့်ပေးလိုက်”**ဟု ညွှန်ကြားပါတော့သည်။ သူသည် မိမိ၏ လတ်တလော ငွေကျပ် ငါးရာထက် သူ့ဆိုင်အတွက် အမြဲတမ်းဖောက်သည်တစ်ယောက် ဖြစ်လာစေရန် နောင်အရှည်ကို မျှော်ကိုးရည်မှန်းတွက်ချက်ရောင်းချပေးခြင်းသာ ဖြစ်ပေလိမ့်မည်။ ပရောက်ဖက်ရှင်နယ် ပီသပေစွ။

စားသောက်ကုန်မှအစ ကုန်ပစ္စည်းအစုံရောင်းချနေသော အသားဖြူဖြူနှင့် အစ်မကြီးများ၏ ကုန်စုံဆိုင်တစ်ဆိုင်မှာလည်း တစ်နေ့တစ်နေ့ လက်မလည်အောင် ရောင်းချနေသည့်ကြားက ဈေးဝယ်သူများမလစ်ဟင်းစေရန် အရောင်းဝန်ထမ်းလေးများကို ထောင့်စေ့အောင် ဦးဆောင်မောင်းနှင်ပေးနိုင်သည်။ တစ်ခုဝယ်ဝယ်၊ ဆယ်ခုဝယ်ဝယ် အချိန်မလစ် ဟင်းစေရ၊ အချိန်မကုန်စေရပါ။ မဝယ်ယူဘဲ လက်ချည်းသက်သက်ပြန်ထွက်သွားသူမရှိစေရလောက်အောင် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကြိုးကြပ်ရောင်းချပေးလျက်ရှိသည်။

သို့ရာတွင် မိမိတို့ပတ်ဝန်းကျင်ရှိအများစုမှာမူ ဈေးဝယ်သူဆိုင်ရှေ့ရပ်နေသည့်တိုင် ဖုန်းပွတ်မပျက်၊ မတတ်သာ၍ ရောင်းချပေးသည့်တိုင် သူ့ကို အနှောင့်အယှက်လာပေးသလို မျက်နှာထားနှင့်ဖြစ်၍ ကိုယ်ကပင်အားနာသလို ဖြစ်ရသည်။

သူတို့အဖို့ ကိုယ့်အသက်မွေးဝမ်းကျောင်းမှု အလုပ်ထက် ပလိဗောဓမည်သော အပိုအလုပ်များကိုပို၍ ကြောင့်ကြစိုက်လေ့ရှိကြသည်။ အာရုံစိုက်လေ့ရှိကြသည်။ တက္ကစီဆရာ အချို့က ဒီမိုကရေစီစကားကို အမြှုပ်ထွက်မတတ်ပြောကြားပြီး ခရီးသည်တွေ့လျှင် ရှေ့ကားနောက်ကားမကြည့် ရပ်ချင်သည့်နေရာ ထိုးရပ်သည်။ တစ်ခါတစ်ရံ ကိုယ်မောင်းနှင်ရမည့်ခရီးအတွက် ခရီးသည်ကို ဘယ်လမ်းက မောင်းရမလဲဟုပင် ပြန်မေးချင်မေးတတ်သည်။

ဆိုက်ကားဆရာများကလည်း ပြီးခဲ့သည့် ဒီမိုကရေစီပါတီစုံရွေးကောက်ပွဲအကြို ကာလများတွင် ကိုယ်နှစ်သက်ထောက်ခံရာ ပါတီအလံများ တလူလူလွှင့်၍ ဥဒဟိုနင်းကြသည်။ ကိုယ့်ကိုပိုက်ဆံပေးမည့်ခရီးသည်များကို အဝါ၊ အစိမ်း၊ အနီ အရောင်ကာလာများဖြင့် ခွဲခြားကန့်သတ်လိုက်ခြင်းဖြစ်သည်။ သူလွှင့်ထူထားသည့် ပါတီအလံကိုကြည့်၍ မထောက်ခံသူက တက်မစီးတော့။ သို့နှင့် ခရီးတစ်ခေါက်စာနစ်နာရုံမက ဖောက်သည်ကောင်းတစ်ယောက်ကိုလည်း ဆုံးရှုံးသွားရခြင်းဖြစ်ပေသည်။ အမှန်တကယ်အားဖြင့်မူ ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ်က ဆိုက်ကားနင်းပြီး စီးပွားရှာရသည်ဖြစ်၍ နီနီ၊ စိမ်းစိမ်း၊ ဝါဝါ၊ ပြာပြာ ကိုယ့်အလုပ်မဟုတ်။ ကိုယ့်အလုပ်က သမ္မာအာဇီဝအလုပ်ဖြင့် ခရီးသည်ထံမှ ပိုက်ဆံရှာဖွေရေးပင်ဖြစ်သည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလနောက်ပိုင်းတွင်မူ စိတ်ခံစားချက် ပြင်းထန်သူများ၊ တစ်ဖက်စွန်းရောက်သူများသည် အရာရာကို နိုင်ငံရေးအမြင်ဖြင့် ရောထွေးယှက်နွယ်ကာ သဘာဝမကျသော၊ ပရောက်ဖက်ရှင်နယ်မပီသသော အတွေးအမြင်၊ ပြောဆိုလုပ်ကိုင်မှုများကို ပိုမိုလုပ်ဆောင်လာကြသည်။

နိုင်ငံရေး အကြောင်းအရာတစ်ခုတည်းကိုသာ ရှေ့တန်းတင်လာကြ၍ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများ အချင်းချင်းကြား မခေါ်နိုင်၊ မပြောနိုင် မဆိုနိုင်ဖြင့် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။ လူမှုစီးပွားဘဝတွင်လည်း နိုင်ငံရေးသာအခရာဖြစ်လာ၍ မိမိတို့ အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ဆက်စပ်သောလုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးလာခဲ့ကြသည်။

အထူးသဖြင့် ကျေးလက်ဒေသများတွင် အလုံးစုံပျက်သုဉ်းရေးကို လိုလားသူ နိုင်ငံရေးသမား အမည်ခံအဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် အပြစ်မဲ့ပြည်သူများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်ဖြင့် အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှု များစွာကြုံတွေ့ခဲ့ကြရလေသည်။

**နိုင်ငံရေးအစွဲအလမ်းများကား ကြီးမားလျှင် ကြီးမားသလို၊ ပြင်းထန်လျှင် ပြင်းထန်သလို ကြောက်မက်ဖွယ်ကောင်းလှသည်။ မိမိအကျိုးစီးပွားကို တူးဖြိုနေသည်ကိုပင် တူးဖြိုနေမှန်း မသိရလောက်အောင် ဆိုးရွားလှသည်။ မိမိတို့၏ရင်သွေးသားသမီးများကို ပညာတတ်များ ဖြစ်လာစေရန် ပရော်ဖက်ရှင်နယ်ပီသစွာ ပညာသင်ပေးနေသော ဆရာ ဆရာမများကို CDM မလုပ်၍ဟုဆိုကာ အုပ်စုဖွဲ့၍ အော်ဟစ်လှောင်ပြောင် မောင်းထုတ်ကြသည်။**

မိမိတို့ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို ပရော်ဖက်ရှင်နယ်ပီသစွာ ပြုစုစောင့်ရှောက်ကုသပေးနေသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း CDM မလုပ်၍ဟုဆိုကာ အုပ်စုဖွဲ့၍ အော်ဟစ်လှောင်ပြောင် ဆန္ဒပြကာ ဆေးရုံမှမောင်းထုတ်ကြပြန်သည်။

ရပ်ရှင်အနုပညာအပါအဝင် နယ်ပယ်အသီးသီး၊ အလွှာအသီးသီးတွင် မိမိ၏အသက်မွေးဝမ်းကျောင်းဘဝရပ်တည်မှုအတွက် ပရော်ဖက်ရှင်နယ်ပီသစွာ အလုပ်အကိုင်မပျက် ဆက်လက်လုပ်ကိုင်နေကြသူများကိုလည်း အရောင်ကာလာတံဆိပ်ကပ်၍ ခွဲခြားဆက်ဆံလာကြသည်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာကို အသုံးချ၍ စွပ်စွဲတိုက်ခိုက်ခဲ့ကြပြန်သည်။

ထိုမှတစ်ဆင့်တက်ကာ ဘဝအတွေ့အကြုံနုနယ်သေးသူလူငယ်များကို အစွန်းရောက် အကြမ်းဖက်သမားများအဖြစ် အသုံးချ၍ သဘောထားအမြင်မတူသူများ၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ပရော်ဖက်ရှင်နယ်ပီသစွာ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူ နိုင်ငံ့ဝန်ထမ်းများကို **ငါနှင့်မတူ ငါ့ရန်သူ** အဖြစ်သတ်မှတ်၍ လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေလာကြသည်။

သဘာဝလောကကြီးအတွင်း နေထိုင်နေကြသော လောကလူသားများအဖို့ မိမိကျင်လည်ရပ်တည်ရာသဘာဝနှင့်အညီ လိုက်လျောညီထွေရှိရန် သဘာဝကျကျတွေးမြင် လုပ်ကိုင်ဆောင်ရွက်တတ်ဖို့လိုပါသည်။ အရာရာကို နိုင်ငံရေးသဘောထားအမြင်တစ်ခုတည်းဖြင့် ရှုမြင်၍မရပါ။ သူ့နယ်ပယ်နှင့်သူ၊ သူကဏ္ဍနှင့်သူခွဲခြားရှုမြင်ကြရပါမည်။ ထွေးရောယှက်တင်ပေါင်းစပ်၍မရသော အရာများ၊ နယ်ပယ်များစွာရှိပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ဘာသာရေးနယ်ပယ်ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏ ပဋ္ဌာန်းမြတ်ဒေသနာတော်တွင်လည်း ကုသိုလ်ဖြစ်သည့် နာမ်ခန္ဓာလေးပါးသည် အပြန်အလှန်ကုသိုလ်ဖြစ်သည့် နာမ်ခန္ဓာကိုပင် သမ္ပယုတ္တသတ္တိနှင့် ကျေးဇူးပြုသည်။ ထို့အတူ အကုသိုလ်နာမ်ခန္ဓာလေးပါးသည် အကုသိုလ်နာမ်ခန္ဓာလေးပါးကိုသာ ကျေးဇူးပြုနိုင်သည်။ ကုသိုလ်တရားက ကုသိုလ်တရားကို၊ အကုသိုလ်ဆိုလျှင် အကုသိုလ်ချင်းသာ ပေါင်းစပ်၍ရနိုင်သည်။

**ကုသိုလ်နှင့် အကုသိုလ်သည် အခြေခံချင်း၊ သဘာဝချင်းမတူညီသဖြင့် ရေနှင့်မီးပေါင်း၍ မရသလို မတူတာချင်းရော၍ မရပေ၊ ပေါင်းစပ်၍မရနိုင်ပေ။ သဘာဝတရားချင်းတူမှ တစ်ခုတည်းဟု ထင်ရအောင် ပေါင်းစပ်၍ရပါသည်။ သဘာဝတရားချင်း မတူလျှင် ပေါင်းစပ်၍မရနိုင်ပေ။ ထို့အတူ ကုသိုလ်ဟုလည်း ခေါ်၍မရ၊ အကုသိုလ်ဟူ၍လည်းခေါ်၍ မရသည့် ဝိပါက်၊ ကြိယာ အဗျာကတဖြစ်သည့် နာမ်ခန္ဓာလေးပါးသည်လည်း အဗျာကတဖြစ်သည့် နာမ်ခန္ဓာလေးပါးကိုသာ သမ္ပယုတ္တသတ္တိနှင့် ကျေးဇူးပြုနိုင်သည်ဟု ဆိုပါသည်။**

သို့ဖြစ်၍ လောကီနယ်ပယ်တွင်လည်း ပေါင်းစပ်၍ မရနိုင်သည်များကို သူ့နယ်ပယ်နှင့်သူ၊ အကန့်လိုက်၊ အပိုင်းလိုက် ကန့်သတ်ခွဲခြား ရှုမြင်ကြရပါမည်။ အရာရာကို နိုင်ငံရေးအမြင်ဖြင့်၊ နိုင်ငံရေးပေတံဖြင့် ရှုမြင်တိုင်းတာ၍ မရစကောင်းပေ။ နိုင်ငံရေးအသွေးအရောင် မည်မျှကွဲပြားခြားနားစေကာမူ မိမိဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ မိမိလုပ်ငန်းခွင်အတွင်း ပရိုပီသစွာရပ်တည်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာနှင့် တောင်ပို့သာကျေးရွာအား ဆက်သွယ်ထားသည့် လယ်ငယ်ချောင်းကူးတံတား ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သဖြင့် ယာယီဘေလီတံတား ထိုးနေမှုအခြေအနေကိုလည်းကောင်း၊ တောင်ပို့သာကျေးရွာနှင့် သကြားဟင်းအိုးကျေးရွာအား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်း ရေတိုက်စားခဲ့မှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ ပြည်သူများ သွားလာမှုအဆင်ပြေစေရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေများ ရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စပါးနှင့် ဆီထွက်သီးနှံများ၊ မိုးနှောင်းသီးနှံများ၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ မကျီးပင်ကျေးရွာအုပ်စုအတွင်း ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါခဲ့သည့် နေအိမ် ၉၉ လုံးအတွက် နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပစ္စည်းပုံးများနှင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများအတွက် မျိုးစပါးများ၊ သွင်းအားစုများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ဆင်သေချောင်းကူးတံတား (ပုပ္ပါးကုန်း)သို့ ရောက်ရှိပြီး လမ်းဦးစီးဌာနက တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှု၊ နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ဆင်သေချောင်းအား ရေတိုက်စားမှုမှကာကွယ်ရန် အရေးပေါ် ယာယီကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် စက်ယန္တရားများဖြင့် သောင်တူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၇၇ ပေ ကန်ရေပြည့်အမှတ်ထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ရေကျော်စီးဆင်းမှုအခြေအနေမှာ ယခင်နေ့အတိုင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့် ရေမှတ်အထက်တွင် HED ရေတံခါး လေးချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၈-၁၀-၂၀၁၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၈.၁၀.၂၀၁၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၇၄၄၀ | ၆၂၇.၁၆ | ၅၆၅၅၅၂ | ၁၃၁၉၉ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၇၇ | ၁၄၁၉၄ | ၀.၅၀ | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၆၅ | ၂၆၉၄၁ | ၃၀၇ | ၉.၃၅ | ၉၅၅၉ | - | - | - | ၆၂၆.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၀၂ | ၅၁၉.၁၅ | ၈၉၄၅၀ | ၂၇၂ | ၀.၈၅ | ၂၃၂၀ | - | - | - | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၇၅ | ၁၀၅၈၂ | ၇ | ၂.၂၅ | ၁၆၇၅ | - | - | - | ၅၀၉.၈၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၅၀ | ၇၁၅၀၀ | ၃၁၅ | ၀.၅၀ | ၁၅၀၀ | - | - | ၂.၆၅ | ၄၃၈.၂၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၃၈ | ၇၈၀၃ | ၈ | ၁.၆၂ | ၉၁၅ | - | - | - | ၄၁၆.၄၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၁၁၈ | ၇၀၃.၃၀ | ၁၀၆၃၂၇ | - | ၆.၇၀ | ၃၆၇၆၃ | - | - | ၀.၆၁ | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၁.၇၀ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၀ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၄၅ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၁ | ၅.၇၀ | ၄၀၁၁ | - | - | ၂.၂၀ | ၈၆၄.၀၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် – ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၇-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

ရှပ်အင်္ကျီအဖြူလေးကို လက်ခေါက်ဝတ်ထားတတ်တယ်။ အင်း . . . လက်ခေါက်ပုံလေးကတော့ လှတယ်လို့ ဆိုရမှာပေါ့လေ။ လက်ဖျံလေးပေါ်မှာပဲ အင်္ကျီလက်ကို နှစ်ခေါက် ခေါက်တင်ထားတာ။ လုံချည်က ကချင်ပုဆိုးအနက်ပေါ်မှာ အစိမ်းနဲ့အဝါစင်းလေး။ ပြီးတော့ ကိုကို့လက်က တကိုင်ကိုင်လုပ်နေလို့လားမသိဘူး။ ဖိနပ်တောင် မှတ်မိတယ် ကိုကိုရေ . . .။ ခပ်နွမ်းနွမ်း ကတ္တီပါကြိုးသေး မန္တလေးဖိနပ်လေးနဲ့။

ခင်လေးပဲ ကံကောင်းသလား၊ ကိုကိုပဲ ကံကောင်းသလားတော့ မပြောတတ်ဘူး။ ကစားပွဲနောက်ဆုံးအစီအစဉ်လေးမှာ ကံ့ကော်ရွက်လေးပေါ်မှာ နှစ်ယောက်သား လက်မှတ်ထိုးကြတာလေ။

ခင်လေး အရူးမလေးလိုပဲ ကိုကိုရဲ့ သူများတွေလို ပစ္စည်းလှလှလေးတွေ၊ ပို့စကတ်တွေ၊ တံဆိပ်ခေါင်းတွေ၊ ပန်းခြောက်လေးတွေစုတာ ဝါသနာမပါဘူး။ ဒါပေမဲ့ ခင်လေး ကံ့ကော်ရွက်လေးတွေတော့ချစ်တယ်။

ခင်လေး ဆလင်းဘက်ထဲမှာ ကံ့ကော်ရွက်ခြောက်လေးတွေ အမြဲပါတယ်။

အဆင်သင့်သွားတာပေါ့နော် ကိုကို။

အောက်ကလူတွေ တက်မလာခင် ခင်လေးလည်း ကပျာကယာ အိတ်ထဲက ကံ့ကော်ရွက်လေးထုတ်ပြီး လက်မှတ်ထိုးလိုက်တာပေါ့။ နိမိတ်ကတော့ ကောင်းပါတယ်ကိုကိုရယ်။ ခင်လေး သိပ်ချစ်တဲ့ ကံ့ကော်ရွက်လေးပေါ်မှာ ကိုကိုနဲ့ ခင်လေးရဲ့ လက်မှတ်လေးနှစ်ခု အတူတူပါသွားလို့ပဲလေ။

ပြန်ခါနီးတော့ ခင်လေး ကိုကို့ကို စိတ်ဆိုးတယ်သိလား။

ခင်လေးက အဲဒီ ကံ့ကော်ရွက်လေးကို တမင်တကာ သိမ်းမလို့ဥစ္စာ။ သူက ဘာမပြော ညာမပြောနဲ့ အဲဒီ ကံ့ကော်ရွက်လေးကိုယူသွားပြီး ခင်လေးမမြင်အောင် သူ့အင်္ကျီအိတ်ထဲက အိုင်စီကတ်ပြားလေးထဲ ထည့်လိုက်တယ်လေ။ ဟင်း . . . သူ သိပ်လည်တာပဲ။

* * *

"ဇာတ်က သူ့ဟာနဲ့သူ အစကတည်းက အိုကေနေတာ ပေါ်ဦးရယ်။ မင်း အဲဒီစာရွက် ဘယ်လိုရတာလဲ"

"နောက်တစ်ခေါက် ငါ သူတို့ဆီသွားလည်တော့ ခင်လေးမရှိဘူး။ ခင်လေးအခန်းထဲက စားပွဲပေါ်မှာ သူ့ဒိုင်ယာရီလေးတွေ့လို့ သူ့မှာ ရည်းစားတွေဘာတွေများ ရှိနေသလားဆိုပြီး ခိုးဖတ်တာ။ ဒါတွေ့တာနဲ့ ငါကူးထားတာ။ တစ်နေ့ကျရင် ငါ မင်းကိုပြမလို့"

သူ့စကားကြောင့် ကျွန်တော်က ခုတင်ကို လက်ဖြင့်ရိုက်ရင်း-

"ဒါနဲ့များ ပေါ်ဦးရယ်၊ ငါစိတ်ဓာတ်ကျအောင် မင်းမို့ကူလီကူမာ ဇာတ်လမ်းတွေ လုပ်ရက်တယ်"

"ဟ . . . အဲဒါက နောက်မှ အကြံရတာကွ။ အဓိကကတော့ မင်း စိတ်ကို ငါသိချင်တာပဲ။ များသောအားဖြင့် ယောကျ်ားတွေဟာ တခြားကိစ္စမှာ ယောကျ်ားပီသပေမယ့် မိန်းကလေးနဲ့ပတ်သက်လာရင် သိပ်ခံနိုင်ရည်မရှိကြဘူး"

❛ ဒိုးကို တစ်ဖက်မှ အားရပါးရတီးနေချိန်တွင် တစ်ခါက ပေါ်ဦးနှင့် ကျွန်တော် ပြောခဲ့ဖူးသော စကားများကို သတိရလာသည်။ "ဟိုတုန်းကလည်း တို့မှာ တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ပြည်ထောင်စုအတွက် မကုန်ခန်းနိုင်တဲ့ အားမာန်သစ်တွေ၊ စည်းလုံးညီညွတ်မှုတွေ ရှိပါတယ်။ တက္ကသိုလ်ဟာ ဘယ်တော့မှ အလှမပျက်ပါဘူး။ စိတ်ချ၊ မင်းတို့လိုစိတ်မျိုးရှိတဲ့လူ တစ်ဝက်ပဲရှိပါစေ၊ မနက်ဖြန်အတွက် ဘာမှ မပူနဲ့တော့ သူငယ်ချင်း" ရင်ထဲတွင် 'တို့'ဆိုသော တက်ကြွမှုလေးများ လှုပ်ရှားလာ၏ ❜




ကျွန်တော် သူ့စကားကို ငြိမ်၍နားထောင်သည်။ နှစ်ယောက်သား သောက်ထားသဖြင့် တစ်ခန်းလုံးတွင် ဆေးလိပ်မီးခိုးများ ပြည့်နေသည်။

"ဒါကြောင့် ခင်လေးက ငါလုပ်ခိုင်းသလိုလုပ်တာ။ ဒီကောင့်စိတ် ငါစမ်းဦးမယ်ဆိုပြီး မင်းကို ကောခိုင်းတာ။ ငါ စိတ်မချလို့တောင် ခပ်လှမ်းလှမ်းက လိုက်ကြည့်ခဲ့သေးတယ်"

ဖြစ်ခဲ့ပုံကို ပြန်တွေးကြည့်တော့ သူပြောသည်နှင့် ဒက်ထိကိုက်နေ၏။

"ခင်လေးကောရင် မင်းထင်ရာလုပ်မလား။ အရက်တွေ ဘာတွေနဲ့ မူးရူးနေတော့မလားဆိုပြီး ငါစမ်းတာပေါ့။ မင်းက ခွင့်လွှတ်ဖို့ ကြိုးစားနေတယ်ဆိုတော့ ငါ မင်းကို သဘောကျသွားတယ်"

ကျွန်တော် ပြုံးသည်။ ကိုယ့်ရှေ့တွင် ကိုယ့်ကို ဖြောင်ချီးမွမ်းနေခြင်းကို တုံ့ပြန်ရုံသက်သက် ပြုံးခြင်းဖြစ်သည်။

"အဲ . . . နောက်တစ်ခါ ပိုအံ့ဝင်သွားတာက ကျောင်းပိတ်ရက်တုန်းက မဖြူနဲ့ငါ ရုံးမှာ လက်မှတ်ထိုးလိုက်ကြတာ။ ဒါက တခြားကြောင့် မဟုတ်ပါဘူးကွာ။ သူ့အိမ်က တခြားယောကျ်ားလေးတစ်ယောက်နဲ့ စေ့စပ်ဖို့ စိုင်းပြင်းနေလို့ စိတ်ချရအောင် လုပ်ထားခဲ့တာပဲ"

"အဲဒီမှာ ငါ အကြံရလို့ မဖြူရယ်၊ ငါရယ်၊ ခင်လေးရယ် သုံးယောက် တိုင်ပင်ပြီး လုပ်လိုက်ကြတာ"

ကျွန်တော် ခေါင်းတညိတ်ညိတ် လုပ်နေလိုက်၏။

"အစကတော့ ခင်လေးရော မဖြူကပါ ရှက်စရာကြီးဆိုပြီး လက်မခံကြပါဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို စမ်းသပ်ဖို့ အကောင်းဆုံးအကြံဟာ ဒီနည်းပဲဆိုပြီး ငါပြောပြလို့ သူတို့ ရှက်ရှက်နဲ့ လိုက်လုပ်ကြတာပါ"

"အဲဒီတော့ ငါ အလူးအလဲခံလိုက်ရတာပေါ့"

ပေါ်ဦးက ရယ်၍ -

"မင်း သေသေချာချာ ပြန်စဉ်းစားကြည့်။ အဲဒီတုန်းက ငါပြောတဲ့ စကားတွေမှာ တခြားတစ်ဖက်က လှည့်တွေးရင် မင်း အဲဒီကတည်းက သိနိုင်တယ်။ မင်းက မင်းစိတ်ကူးနဲ့မင်းဆိုတော့ မင်းလိုရာမင်း ဆွဲတွေးခဲ့လို့ . . ."

ကျွန်တော် မှတ်မိသမျှ တချို့တစ်ဝက်ကို ပြန်စဉ်းစားကြည့်သောအခါ သူပြောသည့်အတိုင်း ဖြစ်နေသည်ကို သတိထားမိ၏။

"ရှင်းပြီလား"

ကျွန်တော် ခေါင်းညိတ်၍ -

"အေးပါကွာ၊ ခုတော့လည်း ရှင်းသွားပါပြီ။ ဒါပေမဲ့ နေပါဦး၊ မင်းကို တစ်ခုမေးချင်လို့။ မင်းနဲ့ မဖြူက ဘယ်တော့ တကယ်ယူကြမှာလဲ"

သူ ရယ်လည်းရယ်ရင်းနှင့် -

"ပုံမှန်အတိုင်းဆိုရင်တော့ ကျောင်းပြီးမှပေါ့ကွာ။ သူ့အိမ်က ရုတ်ရုတ်ရုတ်ရုတ်လုပ်ရင်တော့ တစ်မျိုးပေါ့"

သူ့စကားအဆုံး ခင်လေးပြောသော စကားလေးတစ်ခွန်းကို သတိရသည်။

"ခင်လေးတို့ ချစ်ခရီးလမ်းဟာ လွယ်လွယ်ကူကူတော့ သွားရလိမ့်မယ်မထင်ဘူး"

သက်ပြင်းတစ်ချက်ကို လေးကန်စွာ မှုတ်ထုတ်လိုက်မိ၏။

ပေါ်ဦးတို့အဖို့မှာ ပြဿနာကို ရင်ဆိုင်ဖြေရှင်းစရာ လက်နက်ရော အင်အားပါ အပြည့်ရှိ၏။ ကျွန်တော့်မှာ ဘာမှ မရှိပါလား။

* * *

(၃)

တက္ကသိုလ်တစ်ခုလုံးမှာ စည်ကားနေသည်။

တစ်နေရာတစ်ခုစီဖြစ်သော်လည်း အားလုံးမှာ တစ်စိတ်တည်း ဖြစ်နေကြ၏။

မိန်းဘက်မှလည်း တစ်ချိန်တည်း လှုပ်ရှားနေကြသည်။

ကျွန်တော်တို့လည်း သည်ဘက်အခြမ်းမှာ

"တို့လူလေးများ ဆိုသလေး"

အနုပညာအသင်းမှ အသံအောင်အောင်နှင့် သီချင်းအဆိုကောင်းသော ကိုမောင်မောင်ခင်၏ တိုင်ပေးလိုက်သော အသံအဆုံး

"ဝေလေလေ"ဆိုသော အသံနှင့်အတူ ကိုထွန်းရွှေ၏ 'အ'သုံးလုံး သီချင်းကို သံပြိုင်လိုက်ဆိုကြ၏။

ဒိုးပတ်သားရေမျက်နှာပြင်ပေါ်သို့ ကျွန်တော့်လက်များသည် တက်ကြွမှုနှင့်အတူ စေးစေးပိုင်ပိုင်ကျနေသည်။ ရှေ့ဘက်ဆီမှ လှံ့ဆော်သံ ဆိုင်းဘုတ်သယ်လာသော လူစုဆီမှလည်း ကြွေးကြော်သံများ ညီညီညာညာ သီဆိုသံကို ကြားရ၏။

"စာမတတ်သူပပျောက်ရေး တို့အရေး . . . တို့အရေး" ကျွန်တော်တို့ဝိုင်းမှလည်း မောင်မောင်ခင် ဦးဆောင်သောအသံနှင့်အတူ တစ်အုပ်လုံး ဝိုင်းဆိုသူများ မြိုင်ဆိုင်နေ၏။

"ဝါးဖတ်ပေါ်မှာ မီးသွေးခဲနှင့် ဖြစ်တဲ့နည်းနဲ့ စာကိုသင်စေ 'အ' သုံးလုံးကျေ... 'အ'သုံးလုံးကျေ... 'အ'သုံးလုံးကျေ"

တဖြည်းဖြည်းနှင့် ကျွန်တော်တို့ လူအုပ်ကြီးသည် တိုင်ထူမည့် နေရာအနီးသို့ ရောက်ကြ၏။ ဝိုင်းကြည့်နေသော လူအုပ်ထဲတွင် ခင်လေးကို လှမ်းမြင်ရ၏။

ခင်လေးက ပြုံးပြသည်။

ကျွန်တော်က ပြန်ပြုံးပြရင်း လက်ကဝါးလွတ်မသွားအောင် ဒိုးကို လိုက်တီးနေရ၏။

"တင်းကုပ်နဲ့ ကနားဖျင်းတွေ သင်တန်းဖွင့်ကြဟေ့ . . . ဟုတ်ပေ . . . ကျောင်းပိတ်ရက် စာသင်ခန်းတွေ သင်တန်းဖွင့်ကြဟေ့ . . ဟုတ်ပေ"

လက်ခုပ်သံများ၊ တို့အရေး . . . တို့အရေးဆိုသော အသံများ ဆူညံနေသည်။

"အရေးအဖတ်အတွက် ထက်ထက်မြက်မြက် 'အ'သုံးလုံးကျေ"

ကျွန်တော်တို့ဝိုင်းမှ သီချင်းအဆုံး ဒိုးအရိုင်တီး၍ ပေါ်ဦးက ဝင်ကတော့သည်။

"အမျိုးသားရေးမို့ ကြိုးစားပါ . . . ကျုပ်တို့ကိုယ်မှာ ချွေးတလုံးလုံး ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ . . . အမောပြေအောင် 'အ'သုံးလုံးပဲ . . . တစ်ယောက်တတ်လျှင် ဆယ်ယောက်သင် . . . တစ်မြို့ပြီးရင် တစ်ပြည်လုံးဟေ့ . ."

"ဝထ၊ ကလသ . . . လူ့ဘောင်သစ်ရဲ့ အခြေပြ . . . " "စာမတတ်သူ တို့ဝိုင်းကူ . . . ပြည်သူချစ်တဲ့ ကျောင်းတော်သားတို့ . . ."

"'အ'သုံးလုံး . . . . 'အ'သုံးလုံး . . . ပြည်သူ့အပြုံး . . . 'အ'သုံးလုံး"

အချအချီ အတိုင်အဖောက်ဖြင့် တက်ကြွသောအားမာန်၊ ခိုင်မာသော ယုံကြည်ချက်တို့၏ အသံသည် ကြက်သီးမွေးညင်းများ ထလာစေသည်။

ဆိုင်းဘုတ်ကြီး တဖြည်းဖြည်း မြင့်တက်လာချိန်တွင် ကြွေးကြော်သံများ၊ သံချပ်သံများရော၍ တစ်ခဲနက်ပေါ်လာ၏။ ကြည့်နေသူများ အားလုံး လက်သီးလက်မောင်းတန်းလာသည်။

"စာမတတ်သူပပျောက်ရေး တို့အရေး . . . တို့အရေး"

ဒိုးကို တစ်ဖက်မှ အားရပါးရတီးနေချိန်တွင် တစ်ခါက ပေါ်ဦးနှင့် ကျွန်တော် ပြောခဲ့ဖူးသော စကားများကို သတိရလာသည်။

"ဟိုတုန်းကလည်း တို့မှာ တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ပြည်ထောင်စုအတွက် မကုန်ခန်းနိုင်တဲ့ အားမာန်သစ်တွေ၊ စည်းလုံးညီညွတ်မှုတွေ ရှိပါတယ်။ တက္ကသိုလ်ဟာ ဘယ်တော့မှ အလှမပျက်ပါဘူး။ စိတ်ချ၊ မင်းတို့လိုစိတ်မျိုးရှိတဲ့လူ တစ်ဝက်ပဲရှိပါစေ၊ မနက်ဖြန်အတွက် ဘာမှ မပူနဲ့တော့ သူငယ်ချင်း"

ရင်ထဲတွင် 'တို့'ဆိုသော တက်ကြွမှုလေးများ လှုပ်ရှားလာ၏။ ထိုနေ့က အဆောင်ပြန်ရောက်တော့ ကျွန်တော် ကဗျာလေး တစ်ပုဒ် ရေးဖြစ်သည်။ ထိုနေ့က ခံစားခဲ့သော တက်ကြွမှုများ၏ အရိပ်ပင်။

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

# စိတ်ကို ဆေးကုနည်း

ပီမိုးနှင်း

ဒေါသဖြစ်သောစိတ်၊ မနာလိုမုန်းထားမျက်ကြုတ်ရန်လိုသောစိတ်၊ အားငယ်ပေါ့ပျက်သောစိတ်၊ ၎င်းစိတ်တို့ကို အိပ်ဖော်အိပ်ဖက်ပြုလုပ်ကာ အိပ်ရာထဲသို့ ခေါ်၍မသွင်းကြရန် သတိပြုသင့်ကြလေသည်။ မကျေချမ်းသောစိတ်ဖြင့် မျက်နှာကိုရှုံ့ကာ အိပ်ရာကို မဝင်သင့်၊ မအိပ်မီ သိမ်မွေ့ပျော့ရွှင်ကြည်လင်သောမျက်နှာကို ပြုပြင်ပြောင်းလဲထားရာ၏။ စိတ်ညစ်သောအသွင်ကို မျက်နှာ၌ထင်ကာ အိပ်ရာကိုမဝင်အပ်။ မကောင်းသောစိတ်တွေကို မအိပ်မီ မိမိ၏အပါး၌ မနေရအောင်မောင်းနှင်ခြောက်လှန့်၍ပစ်ရာ၏။ မြွေကင်းပေါသော အောက်အရပ်ဒေသများ၌ အချို့သောမြို့ရွာများတွင် အိပ်ရာကိုဝင်သည့်အခါ အိပ်ရာထဲ၌ လည်းကောင်း၊ အိပ်ရာအနီးအနား၌ လည်းကောင်း မြွေကင်းမနေရအောင် ရိုက်နှက်ခြောက်လှန့်မောင်းနှင်၍ ပစ်ကြရလေသည်။ အဆိုပါ စိတ်ဆိုး၊ စိတ်ကြမ်း၊ စိတ်ယုတ်၊ စိတ်ညံ့၊ စိတ်အို၊ စိတ်နာတို့သည်ကား မြွေကင်းများနှင့် မခြားမနား ကြောက်မက်ဖွယ်ကောင်းသော စိတ်ပိုးစိတ်မွှားများဖြစ်ကြလေသည်။ ထိုစိတ်မျိုးကို ဘီလူးစိတ်၊ သဘက်စိတ်ဆိုလျှင် မမှားချေ။ အဘယ်ကြောင့်ဆိုသော် ညဥ့်အိပ်ရာဝင်သောအခါ၌ စိတ်အလုပ်များသူတို့မှာ အိပ်ပျော်သည့်အခါ ကျွန်ုပ်တို့ မြန်မာဘာသာဖြင့် ဘီလူးစီးသည်၊ ထမင်းလုံးတစ္ဆေခြောက်သည်ဟု ဆိုသော Nightmare ခေါ် ရောဂါမျိုးဖြစ်တတ်သည်ဟု အင်္ဂလိပ်ဆေးကျမ်း၌ တွေ့ရလေသည်။ မကြင်နာသောစိတ်၊ အငြိုးထားသောစိတ်၊ ရက်စက်ကြမ်းကြုတ်သောစိတ်တို့သည် ညဥ့်အချိန်အိပ်ပျော်သည့်အခါ၌ လွန်စွာအဆိပ်ထန်သောမြွေများနှင့်တူသဖြင့် အခြားသောသူကို မပေါက်ရ မကိုက်ရသောအခါ မွေးမြူပိုက်လွယ်သူကို ခဲတတ်လေသည်။ ထိုစိတ်မျိုးကို အမြဲထားခြင်းသည် အဆိပ်ထန်သောမြွေကို ခါးပိုက်ဝယ်ဆောင်ထားခြင်းဖြစ်လေသည်။

တစ်စုံတစ်ယောက်က စိတ်ဆိုးအောင်လုပ်သဖြင့် စိတ်ဆိုးရခြင်းသည် အတော်ပင်လွန်သောအရာဖြစ်လေရာ စိတ်ဆိုးပြေပြီးနောက် ထိုသူ၏ပြုမူခြင်းကို တမင်သက်သက် အဖန်ဖန်တွေးတောပြီး တစ်ကိုယ်တည်း စိတ်ဆိုးခြင်းသည် မိမိ၏စိတ်၊ မိမိ၏လိပ်ပြာကို အရုပ်ဆိုးအောင်၊ မကောင်းအောင်၊ ယုတ်ညံ့လေအောင်၊ ပြုမူကြံဆောင် ဖန်တီးရာသို့ရောက်လေသည်။

ကျက်သရေရှိ၍ လူမြင်လျှင် ချစ်ခင်ရသောမျက်နှာသည် အခါခပ်သိမ်းလှသော မျက်နှာမဟုတ်ချေ။ လှခြင်းကြောင့် ချစ်ခင်သူများသည်မဟုတ်။ သို့သော်လည်း လှဖို့ရန်ခက်၏။ အမိမွေးရာမှ ပါလာသောမျက်နှာကို ပန်းပုဆရာထံ ပြန်၍အပ်တောင်လှအောင်မလုပ်နိုင်ချေ။ ပါရီမြို့သူတို့သည် အလှဆရာများထံသို့သွားပြီး အနာခံ၍ မျက်နှာကို လှီးဖြတ်ပြုပြင်သည်ဟု ကြားရဖူးသော်လည်း ထိုပြုပြင်နည်းသည် အလွန်တရာဝန်လေးသောနည်းဖြစ်၍ မျက်နှာ၌ အပေါက်အနာဖြစ်ပြီး ထပ်မံဖုံးဖိမှဖြစ်နိုင်လေသည်။ စိတ်ကောင်းကိုထားချေက ထိုကဲ့သို့မပြုပြင်ဘဲ ချစ်ဖွယ်သောမျက်နှာကို ရနိုင်လေသည်။

လူမြင်လျှင် ချစ်ခင်ရသောမျက်နှာမျိုးကိုမူကားမည်သူမဆို ရနိုင်လေသည်။ လောက၌ အရုပ်ဆိုးလွန်းသူဟူ၍မရှိချေ။ မျက်ကြုတ်ရန် လိုသောစိတ်ကို အမြဲထားပြီး ထိုစိတ်မျိုးကို အိပ်ရာသို့ အပါခေါ်ဆောင်သောသူတို့သာလျှင် လူမြင်လျှင် မုန်းဖွယ်ရာဖြစ်တတ်လေသည်။ အကြောင်းမူကား အိပ်ပျော်ရာ၌ ဆက်လက်တည်နေ၍ ဆိုးသောစိတ်၊ ရှုံ့တွသောစိတ်သည် မျက်နှာ၌ ဆိုးသောအကြောင်းအလိပ်အတွန့်တို့ကို တဖြည်းဖြည်း ဖြစ်စေနိုင်လေသည်။

ဤဘဝသည် တိုတောင်းသောဘဝဖြစ်၏။ မိမိကို အရုပ်ဆိုးစေသော၊ မိမိကို အကျိုးယုတ်စေသော၊ မိမိ၏ကျန်းမာရေးကို ဖြိုဖျက်သော၊ အိုလွယ်ရင့်လွယ်ခြင်းကိုဖြစ်စေသောစိတ်တို့ကို တမင်သက်သက် နဖူးလက်တင်ကာ မနေ့က ဘယ်သူက ငါ့ကို ဘယ်လိုဆိုလိုက်တာပဲ၊ ဘယ်အကောင်က ငါ့ကို ဘယ်လိုထင်တာပဲ၊ ဘယ်သူဟာ နွားပဲ၊ ဘယ်ဝါဟာ အင်မတန်ယုတ်မာတဲ့ သတ္တဝါ၊ ခွေးသား၊ သွားကျွတ်အောင် ပါးချပ်ကို ဖိနပ်နဲ့ချဖို့ကောင်းတဲ့အကောင်၊ ခွေးသားတစ်ကောင်တော့ ထိသွားပါပကော၊ အခုအလုပ်ပြုတ်လို့ ထမင်းငတ်နေပြီ။ ဒါမှကောင်းတယ်၊ ဘာမသား၊ ညာမသား၊ ကလေးတွေ တစ်ပြုံကြီးနဲ့ ငတ်နေမှာပဲ .... စသည့် စိတ်မျိုးတွေကို အလွန်တရာ မွန်မြတ်လှစွာသော ဦးခေါင်းထဲ၊ စိတ်နှလုံးအတွင်းသားထဲမှာ အဆွေခင်ပွန်းကောင်း၊ ကိုယ်စောင့်နတ်သဖွယ် ဍေ့ထောက်ခံကာ ဦးနှောက်တည်းဟူသော ပလ္လင်ထက်၌ လေးမြတ်စွာတင်ပြီး အိပ်ရာကိုဝင်ခြင်းသည် အလုပ်အကိုင် အကြံအစည်ကိုတွေး၍ အိပ်သူထက်ပင် ပိုမိုကြီးလေးသော ပျက်စီးခြင်းတို့ကို အကြောအခြင် အသွေးအသား၊ မျက်နှာထား မျက်နှာနေမှာ ဖြစ်စေတတ်လေသည်။

မည်သူမဆို မိမိကိုချစ်သောသူ၊ မိမိနှင့်သင့်သောသူအပေါ်၌ ပျားသကာလို မျက်နှာချို၏။ အလွန်တရာကြမ်းကြုတ်သော ခွေးသားအုပ်မပင်ဖြစ်စေကာမူ မိမိ၏ ကလေးများအပေါ်၌ ကောင်း၏။ ကြင်နာ၏။ ဤလိုအကောင်းမျိုးဖြင့် လူကောင်းဟုမဆိုနိုင်ချေ။ မိမိကို ရန်လိုသောသူအပေါ်၌ စိတ်ကိုကောင်းကောင်းထားနိုင်သော သူမှသာလျှင် လူကောင်းလူမြတ်ဖြစ်လေသည်။

ရာဇဝတ်မှုကို မကျူးလွန်ရုံမျှနှင့်လည်း လူကောင်းမဟုတ်။ ရာဇဝတ်မှုကို ကျူးလွန်မိတိုင်းလည်း လူဆိုးမဟုတ်။ မိမိ၏ရန်သူကို အကျိုးယုတ်စေလိုသော စိတ်နှင့်အမြဲရှု၍ နေသောသူသည် ဘာကိုမှမလုပ်သော်လည်း ထိုရန်သူထက် ပိုမို၍ မြတ်တော့သည်မဟုတ်။ ထိုရန်သူ၏ ယုတ်ညံ့ခြင်းမျိုးအထဲသို့ ခြေနင်း၍နေသူပင် ဖြစ်လေသည်။

အများအားဖြင့် တစ်ပါးသူ၏ ဆိုးသွမ်းမှုကို တဖျစ်တောက်တောက် ပြော၍နေသောသူတို့သည် မိမိတို့ကိုယ်ကို သူတော်ကောင်းဟု မှတ်ထင်၍နေသူများဖြစ်ကြလေသည်။ သို့သော်လည်း ထိုလူမျိုး၏ စိတ်သည် တကယ်ကိုယ်ထိလက်ရောက် ဆိုးယုတ်သောသူတို့ထက် မကောင်းစိတ် ပိုမို၍ကြီးတတ်လေသည်။ ဤသဘောသည် အော်၍ငိုသောသူ၏ အဆွေးထက် ကြိတ်၍ငိုသောသူ၏ အဆွေးက ပိုမိုပြင်းထန်လေ့ရှိသော သဘောမျိုးပင်ဖြစ်လေသည်။ ထိုကဲ့သို့သော ပါးစပ်သူတော်ကောင်းတို့မှာ ပါးစပ်ဖြင့် ကံထိုက်၍နေလေရာ သူရသတ္တိနည်းသူများဖြစ်ကြလေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မောပန်းနွမ်းနယ်မှုနှင့် သောကကင်းဝေးမှု နည်းလေးခု

ခင်မောင်ညို (ဘောဂဗေဒ)

## နည်းလမ်းအမှတ်(၁)

**သင့်စားပွဲပေါ်မှာ လတ်တလော လုပ်ဆောင်ရမည့် စာရွက်စာတမ်းများသာ ထားပါ။**

ချီကာဂိုနှင့် အနောက်မြောက်ပိုင်း မီးရထားကုမ္ပဏီဥက္ကဋ္ဌ ဂိုလန်-အယ်လ်-ဝီလျံ တစ်ခါကပြောဖူးသည်။ 'ကိစ္စအမျိုးမျိုးအတွက် စာရွက်စာတမ်းတွေတစ်ပုံကြီး စားပွဲပေါ်တင် အလုပ်လုပ်နေတဲ့သူဟာ လတ်တလောလုပ်ရမယ့် စာရွက်စာတမ်းကလွဲလို့ တခြားစာရွက်စာတမ်းတွေအားလုံး ဖယ်ပစ်လိုက်ရင်အေးအေးဆေးဆေးလည်း အလုပ်လုပ်နိုင်မယ်။ အလုပ်လည်း တွင်ကျယ်မယ်။ အထိန်းအသိမ်းကောင်းရာလည်း ရောက်မယ်။ စွမ်းရည်မြင့်မားလာဖို့အတွက် ပထမခြေလှမ်းလည်း ဖြစ်တယ်'

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော် ပြည်သူ့လွှတ်တော်ဘေးရှိ လွှတ်တော်စာကြည့်တိုက်သို့ သွားလည်လျှင် မျက်နှာကြက်၌ ပုပ်ရဟန်းမင်းကြီး၏ စာလုံးငါးလုံးရေးထိုးထားသည်ကို တွေ့ရမည်။ **"စနစ်တကျရှိခြင်းသည် ကုသိုလ်ကောင်းမှုတစ်ခုဖြစ်သည်။"**

ကောင်းကင်ဘုံအတွက် တမလွန်အတွက်သာမဟုတ်။ စီးပွားရေးလောကတွင်လည်း စနစ်တကျရှိသင့်သည်။ စနစ်တကျရှိခြင်းသည် ပထမဆုံး လိုက်နာရမည့် ဥပဒေသဖြစ်သင့်သည်။ သို့သော် ဖြစ်သင့်သည့်အတိုင်း ဖြစ်ပါသလား။ ဖြစ်မလာပါ။ အများအားဖြင့် အလုပ်စားပွဲတစ်လုံးပေါ်၌ ရက်သတ္တပတ်ပေါင်းများစွာ လှည့်မကြည့်သော စာရွက်စာတမ်းများနှင့် ရှုပ်ပွနေတတ်သည်။ နယူးအော်ရီလင်းပြည်နယ်မှ သတင်းစာထုတ်ဝေသူတစ်ယောက်၏ စားပွဲကို သူ့အတွင်းရေးမှူးစာရေးမက ရှင်းလင်းလိုက်သောအခါ နှစ်နှစ်လောက် ပျောက်နေသောလက်နှိပ်စက်တစ်လုံးကို တွေ့ရပါသတဲ့။ ဘယ်လောက် ရှုပ်ပွနေမည်ကို မှန်းလို့သာ ကြည့်ပေတော့။

အကြောင်းမပြန်ရသေးသော စာများ၊ အစီရင်ခံစာများ၊ မှတ်စုမှတ်ရာများကို ကြည့်ရုံမျှဖြင့်ပင် မျက်စိနောက်၊ စိတ်မောကာ သောကပွားစရာရှိသည်။ ထိုမျှဖြင့်ပင် ပြီးပါရိုးလား။ ထို့ထက်မက ဆိုးစရာတွေကျန်သေးသည်။ "လုပ်စရာတွေက သန်းချီရှိတယ်၊ လုပ်ဖို့ကလည်း အချိန်မရှိဘူး"ဟု တစ်ချိန်လုံး သတိပေးနေသလိုဖြစ်နေသည်။ သည့်အတွက် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် အစာအိမ်ရောဂါများကို ဖြစ်စေနိုင်သည်။ စားပွဲကအစ တစ်ကိုယ်လုံးပါသွားနိုင်သည်။

အမေရိကန် ဆေးပညာအသင်း အမျိုးသားညီလာခံ၌ ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှ ဆေးပညာပါမောက္ခ ဒေါက်တာဂျွန်အိပ်ချ်စတုပ်က စာတမ်းတစ်စောင်ဖတ်ခဲ့သည်။ ထိုစာတမ်း၌ အလုပ်အကိုင်ကြောင့် ဖြစ်ပေါ်လာနိုင်သော ဦးနှောက်နှင့် အာရုံကြောရောဂါများအကြောင်းကို ရေးသားထားသည်။

ထိုစာတမ်း၌ လူနာတစ်ယောက်၏ စိတ်ထဲမှာ ဘာဖြစ်နေသည်ကို သိဖို့လိုကြောင်း၊ စိတ်ပိုင်းဆိုင်ရာအခြေအနေ ၁၁ ခုကို ရှာဖွေကြည့်ရမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။ ထိုစာရင်းထဲမှ ထိပ်ဆုံးတစ်ခုမှာ "တာဝန်ပိခြင်း" ဖြစ်သည်။ မလုပ်မဖြစ် လုပ်စရာတွေက များနေပြီး လုပ်လို့မကုန်နိုင်၊ မပြီးနိုင်ဖြစ်ကာ စိတ်ထဲမှာ အပြစ်ရှိသယောင် ခံစားနေရခြင်းမျိုးဖြစ်သည်။

စားပွဲကိုရှင်းလိုက်ကာ အဆုံးအဖြတ်တွေ ပေးလိုက်ရုံမျှဖြင့် တာဝန်ပိနေတာတွေ၊ လုပ်လို့မပြီးနိုင်ဘူး မကုန်နိုင်ဘူးဆိုသော စိတ်ပင်ပန်းမှုတွေကို ရှောင်လွှဲနိုင်ပါမည်လား။

ထင်ရှားသည့် စိတ်ကုပညာရှင် ဝီလျံအယ်လ်ဆက်ဒ်လာက ဤဖော်ပြပါနည်းကို ကျင့်သုံးခြင်းအားဖြင့် ဦးနှောက်ပျက်မည့်အန္တရာယ်မှ ကင်းဝေးသွားသော လူနာတစ်ယောက်အကြောင်းကို ပြောပြဖူးသည်။ ထိုသူမှာ ချီကာဂိုရှိ လုပ်ငန်းကြီးတစ်ခုမှ အမှုဆောင်အရာရှိတစ်ယောက်ဖြစ်သည်။ သူ ဒေါက်တာဆက်ဒ်လာ၏ ရုံးခန်းကို ရောက်လာသောအခါ သူ့မှာ သောကပွားလျက်ရှိသည်။ သူ့ကိုယ်သူလည်း မကြာမီ လဲတော့မည်ဖြစ်ကြောင်း သိလျက်နှင့်ပင် အလုပ်က အနားမယူနိုင်။ သူ့ကို ခပ်သုတ်သုတ် အကူအညီပေးဖို့ ပြေးလာခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဆက်ဒ်လာက သူ့အတွေ့အကြုံကို ပြန်ပြောပြသည်။ "ဒီလူက သူ့အကြောင်းကို ပြောနေတုန်းမှာပဲ ကျွန်တော့်ကို ဆေးရုံက လှမ်းပြီး တယ်လီဖုန်းဆက်တယ်။ ကျွန်တော်က အချိန်ရွှေ့မနေဘဲ ချက်ချင်း အဆုံးအဖြတ်ပေးလိုက်တယ်။ အများအားဖြင့် ကျွန်တော်ဟာ ပြဿနာတွေကို ချက်ချင်းဖြေရှင်းလေ့ရှိတယ်။ ပြဿနာတွေဟာ ဖြစ်တဲ့နေရာမှာပဲ ပွဲချင်းပြီးသွားတာပေါ့။ မကြာခင်မှာ နောက်ထပ် တယ်လီဖုန်းက မြည်ပြန်ပါလေရော။ လတ်တလောကိစ္စ ဖြစ်နေပြန်တော့လည်း အချိန်ပေး ဆွေးနွေးရပြန်တာပေါ့။ နောက်တစ်ခါကျ တယ်လီဖုန်းမဟုတ်ဘူး။ အသည်းအသန် နာမကျန်းဖြစ်နေတဲ့ လူနာတစ်ယောက်နဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ဝင်လာပြီး တိုင်ပင်တာပါ။ သူနဲ့ စကားလက်စသတ်ပြီးမှ ကျွန်တော့် လူနာဘက်ကို ပြန်လှည့်ကြည့်နိုင်တယ်။ သူ့ကို ခဏခဏ စောင့်ခိုင်းထားရတဲ့အတွက် တောင်းပန်တယ်။ ဒါပေမဲ့ သူက ကျွန်တော်ထင်သလို စိတ်တို စိတ်ဆိုးမနေဘဲ မျက်နှာက ဝင်းလက်တောက်ပြောင်လို့။ သူသဘောပေါက်သွားပြီလေ၊ ဝင်လာခါစက မျက်နှာမျိုးမဟုတ်တော့ဘူး"

"တောင်းပန်စရာမလိုပါဘူး ဆရာရယ်။ ပြီးခဲ့တဲ့ ဆယ်မိနစ်အတွင်းမှာ ကျွန်တော် ဘာမှားနေတယ်ဆိုတာ သဘောပေါက်သွားပါပြီ။ ကျွန်တော့်ရုံးခန်းကို ကျွန်တော်ပြန်ပြီး ကျွန်တော့် လုပ်ပုံကိုင်ပုံတွေကို ပြန်သုံးသပ်မယ်။ ဒါပေမဲ့ ကျွန်တော်ရုံးကိုမပြန်ခင်မှာ တစ်ဆိတ်လောက် ခင်ဗျားရဲ့ အံဆွဲကို ကြည့်ပါရစေ"

"ကြည့်ပါဗျာ၊ ကြည့်ပါ။ ရပါတယ်။ ဟောဒီမှာ ကြည့်။ ရုံးသုံး အသုံးအဆောင်တွေကလွဲလို့ ဘာမှမရှိဘူးမဟုတ်လား"

လူနာက "ဒီလိုဆို ခင်ဗျားရဲ့ မပြီးသေးတဲ့အလုပ်တွေကို ဘယ်မှာ သိမ်းထားသလဲ။ ပြောပြပါဦး"

ဆက်ဒ်လာက "မပြီးတဲ့ အလုပ်ကြွေးရယ်လို့ မရှိဘူး။ အကုန်လုံး ပြီးပြီဗျ"

"အကြောင်းမပြန်ရသေးတဲ့ စာတွေရော"

"အကုန်လုံး စာပြန်ပြီးပြီ။ မပြန်ရသေးတဲ့ စာရယ်လို့မရှိဘူး။ စာဖတ်ပြီးကတည်းက အတွင်းရေးမှူးအမျိုးသမီးကို ချက်ချင်း နှုတ်တိုက်ခေါ်ပေးလိုက်တာ"

နောက် ခြောက်ပတ်အကြာ၌ ထိုအမှုဆောင်အရာရှိက ဒေါက်တာဆက်ဒ်လာကို သူ့ရုံးခန်းလာလည်ဖို့ ဖိတ်ခေါ်သည်။ အပြောင်းလဲကြီးပြောင်းလဲနေပြီ။ လူသာမဟုတ်။ စားပွဲကလည်း ရှင်းလင်းနေသည်။ အံဆွဲကိုဖွင့်ပြီး အလုပ်အကြွေးမရှိကြောင်းလည်း ပြသသည်။ လွန်ခဲ့သည့် ခြောက်ပတ်ကဆိုလျှင် ရုံးနှစ်ရုံးမှာ စားပွဲသုံးလုံးအပြည့် အလုပ်ကြွေးရှိသည်။ ဘယ်တော့မှ မပြီးနိုင်၊ မစီးနိုင်။ ဒေါက်တာဆက်ဒ်လာနှင့်တွေ့၍ ပြန်လာပြီးနောက် အစီရင်ခံစာများနှင့် စာရွက်စာတမ်းဟောင်းများကို လှည်းတစ်စီးစာမျှ တိုက်ထုတ်ရသည်။ ယခင်ကလို စားပွဲသုံးလုံးလည်း မလိုတော့။ စားပွဲတစ်လုံးမှာသာ ထိုင်သည်။ ပေါ်လာသည့် အလုပ်ကို ချက်ချင်းဖြေရှင်းသည်။ မပြီးသေးသော အလုပ်ကြွေးတွေ တောင်လိုပုံမနေ၊ သောကတွေပွားမနေ။ သည့်ထက်ပို၍ ထူးဆန်းသည့်ကိစ္စရှိသေးသည်။ သူ့မှာ ဘာရောဂါမျှမရှိတော့။

အမေရိကန်နိုင်ငံ တရားလွှတ်တော်ချုပ်၏ တရားသူကြီးချုပ် ချားလ်စ်အီဗန်ဟူး တစ်ခါက ပြောဖူးသည်။ "လူတွေဟာ အလုပ်လုပ်ရလွန်းလို့ သေတာမဟုတ်ဘူး သောကထွေပြားလို့သာ သေရတာပါ"တဲ့။ မှန်ပါသည်။ သူတို့အလုပ်တွေ ဘယ်တော့မျှမပြီးနိုင်၊ မစီးနိုင်ဖြစ်သည်ကိုတွေ့ကာ သောကတွေ လွှမ်းမိုး၊ ခွန်အားတွေကုန်ခန်း၍ သေကြရခြင်းဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၂၇/၁)၊ မြေကွက်တည်နေရာအမှတ်(၁၂၇/၁)၊ ဇင်ယော်လမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်နုနုရီ) (Q/RGN-၀၀၇၅၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နုနုရီ (အစ်မအပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းနု [၁၂/ဥကတ (နိုင်) ၁၀၇၀၇၆]မှ ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ- ၃/၁၂၅၉/၂၀၂၄ (၂၂-၃-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၂၆၉/က)ရှိ (၁)ခန်းတွဲ(၆)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ၊ **(၁၈ပေx ၅၄ပေ)**အကျယ်ရှိ တိုက်ခန်းအား ယခုရောင်းချသူ ဒေါ်သူဇာ [၁၂/ဥကတ (နိုင်)၁၅၈၁၁၄] က လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝ ရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီအရောင်း အဝယ်ကိစ္စ ပြီးဆုံးအောင်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)** | **( တရားလွှတ်တော်ရှေ့နေ )** |
| **(စဉ်-၁၆၇၁၃)** | **(စဉ်-၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ မြေကွက်အမှတ် (၂၄၆) ပါမစ်မြေအမျိုးအစား၊ (၄၀'x၆၀') အကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်ခင်ချောစု [၁၂/ဒဂဆ(နိုင်) ၀၀၁၅၂၅]က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့ အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)** | **( တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်- ၁၆၇၁၃)** | **(စဉ်- ၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၁

| | | |
|---|---|---|
| **ဦးမောင်နီ** | **နှင့်** | **၁။ ဦးဇော်သိန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းမင်းသိန်း)** |
| | | **၂။ ဦးမင်းခန့်အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ခင်အေး)** |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ ၁၈ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၅၃/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်-(၁၁၉) ဒုတိယထပ် နေ လျှောက်ထားခံရသူ (၂) ဦးမင်းခန့်အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ခင်အေး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်း တင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ငါ့လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၂-ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက်အမှတ်-၂၇၄၊ အခန်းအမှတ်-၅ (မြေညီထပ်)၊ တိုက်ခန်း နှင့်အကျိုးခံစားခွင့် အားလုံးတို့ကို အမည်ပေါက် ဒေါ်ချိုချို (CA- ၀၄၉၉၈၄)ထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ယခုရောင်းချသူ ဒေါ်သီတာဟန် [၁၃/နမတ(နိုင်) ၀၀၁၂၇၉] က ဝယ်ယူပိုင်ဆိုင်ပြီး မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နွယ်နီဝင်း [၆/မမန (နိုင်) ၁၄၀၁၁၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၃)**
**တိုက်- ၂၀၉၊ အခန်း- ၂၃၊ ရန်နိုင်လမ်းသွယ်(၇)၊ ၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၀၂၇၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၅၀၁/က) ဟုခေါ်တွင်သော ဦးတင်စိုး (ဘ) ဦးဆယ်(CE-012418) အမည်ပေါက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁ ထပ်တိုက်)အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ် များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြ သက်ထား (ဘ) ဦးမြသန်း [၁၂/အလန(နိုင်) ၀၁၂၆၀၂]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင် (LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အလံတပို ကျေးရွာနေ ဦးကျော်ဌေး-ဒေါ်စန်းစန်းဌေးတို့၏သား မောင်ခင် မောင်ဌေး [၁၂/လကန(နိုင်) ၂၆၄၀၄၉]သည် မိဘစကားနား မထောင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝ တာဝန်မယူပါကြောင်း။)

**ဦးကျော်ဌေး-ဒေါ်စန်းစန်းဌေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရပ်ကွက် အမှတ်(၆၀)၊ မြေကွက်အမှတ် (၄၄၃ + ၄၄၄ + ၄၄၇ + ၄၄၈) ဦးထွန်းလင်းရှိန် [၉/မဟမ(နိုင်)၀၁၂၀၇၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် ဖြစ်ပြီး အဆိုပါ မြေကွက်(၄)ကွက်တွဲ ပေ (၁၆၀ x ၆၀) တို့နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း) များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန် ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းနိုင်စိုး(LL.B.)** | **ဦးသိန်းနိုင်စိုး(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၃၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၃၆၉၇)** |
| **ဖုန်း- ၀၉-၄၀၀၅၂၄၀၈၅** | **ဖုန်း- ၀၉-၂၅၄၉၂၈၅၉၈** |

**အမှတ် (၁၀၄)၊ ဒုတိယထပ်၊ အာသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးသိန်းထွန်းဝင်း[၁၂/သလန(နိုင်) ၁၉၀၄၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(၂)ရပ်ကွက်ရှိ အိုးအိမ်ပါမစ် မြေကွက် ပါမစ်စလစ်အမှတ်(၇၀)၊ မြေကွက်အမှတ် (၂၈၃)ဟုခေါ်တွင်သော (၄၀x၆၀)ပေရှိမြေကွက်နှင့် ပါမစ်စလစ်အမှတ်(၇၁)၊ မြေကွက်အမှတ်(၂၈၂) ဟု ခေါ်တွင်သော (၄၀x၆၀ )ပေရှိ မြေကွက်(၂) ကွက်တို့ကို ကျွန်ုပ်အမှုသည် ဦးသိန်းထွန်းဝင်းက ဒေါက်တာဒေါ်တင်တင်ဝင်း [၁၂/ကတတ(နိုင်) ၀၁၉၂၆၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ မိုဟာမက်အဘူသာ လိမ်(ခ) ဦးအေးရွှေ [၁၂/ကတတ(နိုင်)၀၁၉၃၀၀]ထံမှ (၁၉-၁-၂၀၁၈) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူလက်ရောက်ထားရှိပြီး ခြံစည်းရိုးကာရံကာ လက်ရှိထားပိုင်ဆိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးသိန်းထွန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၅/၁၃)**
**အမှတ်-၁၈၊ ရွှေဝါလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၇၉၆၃၄၈၈၇၉၊၀၉-၆၉၂၂၅၄၅၆၆**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်ဌေး၏ သမီး ကျွန်မ မသက်ဝေဖူး [၉/မလန (နိုင်) ၁၆၇၃၈၄]၏ ပတ်စ်ပို့ နံပါတ် (MD- 714541)မှာ ပျောက် ဆုံး သွား ပါ သ ဖြ င့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၈၁၂၅၅၉၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ တိုက်အမှတ် (၁၂+၁)၊ အခန်းအမှတ်(၁၀၆)အား မူလ အမည်ပေါက် ဒေါ်မီမီခိုင်(ခ) မီမီအေး [၁၂/ပဘတ(နိုင်) ၀၀၈၅၆၃] ထံမှ ဦးအောင်မျိုးဦး [၈/ပခက(နိုင်) ၁၅၂၂၀၈]၊ ဒေါ်ကျော့ကျော့ခိုင် [၈/ ပခက(နိုင်) ၁၅၈၇၃၈]က စာချုပ် စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူ ထားပြီး ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင် ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေး ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ တိုင်းမ်မင်းရဲကျော်စွာ အိမ်ရာ၊ တိုက်အမှတ်(၃၉)၊ အခန်း အမှတ်(၅၀၅)အား မူလအမည်ပေါက် ဦးကျော်စိုးလွင် [၉/မရတ(နိုင်) ၀၅၉၇၈၄]ထံမှ ဒေါ်မို့မို့ခိုင် [၉/မရမ (နိုင်)၀၃၀၀၈၀]က စာချုပ်စာတမ်း ဖြင့် ဝယ်ယူထားပြီး ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက် အတွင်း အထောက်အထား ပြည့်စုံစွာ ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**၀၆၇-၃၄၀၇၅၄၇**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန(ကြီးကြပ်ရေးအဖွဲ့) လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်ကောင်စီ အရေးပေါ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်း များ ဝယ်ယူနိုင်ရန်အတွက် ပစ္စည်းတင်ဒါတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာ ကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ နိုင်ငံသား လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ် ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၄-၁၀-၂၀၂၄) နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/ အချိန် | - | (၂၈-၁၀-၂၀၂၄) မွန်းတည့် (၁၂) နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရန်အောင်(၁)ရပ်ကွက်၊ နယ်မြေ (၆)၊ ဆေးရုံလမ်း၊ ပျဉ်းမနားမြို့နယ် |

၂။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီး ဌာန(ကြီးကြပ်ရေးအဖွဲ့) လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး - (၀၉-၂၅၆၄၁၁၁၉၇၊ ၀၉-၄၂၄၇၉၄၈၃၂)တွင် ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း အမှတ်(သကမ/၄)၊ လူနေရပ်ကွက် (၉)ရပ်ကွက်၊ စံပါယ်လမ်း၊ အိမ်အမှတ် (၄၉၉/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးခင်မောင် အမည်ပေါက် ပါမစ် မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်လုံးချင်းအိမ်အပါအဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း အမွေစားအမွေခံ ကိစ္စရပ်များကင်းရှင်းပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ခင်စန်း [၁၂/မရက(နိုင်) ၀၈၅၁၃၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိမ်းမို့မို့ထွန်း [၁၂/အစန(နိုင်) ၂၀၁၄၇၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ် ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိမ်းမို့မို့ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ- ၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၇)၊ စိန္တာမဏိလမ်း၊ မြေကွက် အမှတ် (၂၉၅/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိအကျိုးခံစားခွင့် ခွင့်အရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံ ခန့်ခွဲမှုဌာနတွင် **ဦးထိန်လင်း[၈/မကန(နိုင်) ၁၀၉၇၈၅]** အမည်ပေါက်လျက်ရှိပြီး ၎င်းမှရောင်းချရန် ကမ်းလှမ်းရာ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးဉာဏ်ထွန်း [၁၂/ဒဂမ (နိုင်)၀၂၃၆၃၃]နှင့် ဦးရဲရင့်မွန်ဦး [၁၂/ဒဂမ(နိုင်)၀၃၁၈၂၄]** တို့မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီ ထားသော ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက် လိုပါကခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ဤကြေညာပါသည့်နေ့မှ ကျွန်ုပ်ထံသို့ (၁၄)ရက် အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဉာဏ်ထွန်း၊ ဦးရဲရင့်မွန်ဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုသီရိအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၉၀၉)**
**ဖုန်း- ၀၉-၂၅၀၀၅၁၆၈၅၊ ၀၉-၇၉၅၄၂၉၆၂၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၃)၊ လူနေရပ်ကွက်အမှတ်-(၁၀)၊ သာစည်လမ်း၊ မြေကွက်အမှတ် - (၈၅၈-က)၊ ဒေါ်ခင်မာအေးအမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ - (၂၀x၆၀)၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့် နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ၎င်းမှသာလက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲ ပြောင်း ရောင်းချသူ ဒေါ်ခင်မာအေး [၁၂/မဂတ (နိုင်)၀၆၄၆၃၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဖြူ[၁၂/ရပသ(နိုင်)၀၈၅၁၇၀] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆိုဤ ကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်၊ အောင်သပြေ (၄) လမ်း၊ အမှတ် (၁၇) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၁၀၀)ပေx အနံ(၁၃)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲနိုင်ဟိန်း [၈/ပခက(နိုင်) ၁၉၄၆၇၀]နှင့် ဒေါ်သီတာအောင် [၉/ကပတ(နိုင်) ၂၃၈၁၅၃] ကိုင်ဆောင်သူတို့မှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိတို့ သာလျှင် တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နေခြည်ဝင်းရွှေ [၁၂/အစန(နိုင်) ၂၄၉၄၇၆]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နေခြည်ဝင်းရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာဦး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၂၁၃)**
**စပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၂၃၆၈၀၃၇၊ ၀၉-၇၉၅၇၁၀၅၇၀**

## ပရိယတ္တိသာသနာနုဂ္ဂဟ
## ရန်ကုန်ဆန်လှူအသင်းကြီး
## တန်ဆောင်မုန်းလ အတွက် ဆွမ်းဆန်တော်ဝယ်ယူခြင်း
## ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် (၂၈၃) ကြိမ်မြောက် တန်ဆောင်မုန်းလ ဆွမ်းဆန်တော်လှူဒါန်းရန်အတွက် ဆွမ်းဆန်တော်အိတ် (၆၀၀၀)ခန့် ဝယ်ယူလှူဒါန်းမည်ဖြစ်ပါသည်။ ဆန်ရောင်းချလိုသူများသည် လုပ်ငန်းဈေးနှုန်းအဆိုပြုလွှာပုံစံ၊ ဝယ်ယူမည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို ၉-၁၀-၂၀၂၄ မှ ၇-၁၁-၂၀၂၄ အထိ ရန်ကုန်ဆန်လှူအသင်းကြီး ရုံးအဖွဲ့မှူးထံတွင် ထုတ်ယူတင်သွင်းနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက် ၇-၁၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ - (၃) နာရီ

အသေးစိတ်သိရှိလိုပါက ၀၉၂၅၄၈၉၁၆၇၀၊ ၀၉၂၆၆၀၆၆၀၇၇၊ ၀၉၄၂၀၀၂၅၈၅၂ ဖုန်းနံပါတ်များသို့ နံနက် (၈) နာရီမှ မွန်းလွဲ (၃)နာရီအထိ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပရိယတ္တိသာသနာနုဂ္ဂဟ**
**ရန်ကုန်ဆန်လှူအသင်းကြီး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အ.ထ.က (သိလ္လာ)၊ ကျောင်းဝင်အမှတ် (၀၄၉၉)၊ Grade-10၊ STEAMS-2မှ နန့်ခင်မာလွင်၏ ဖခင်အမည်မှန်မှာ မန်းထူးခူ [၁၄/မမန(နိုင်)၂၅၉၃၂၅] ဖြစ်ပါကြောင်း။

**မန်းထူးခူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၂၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၂/ခ)၊ ရာဇသင်္ကြန် (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်ဥမ္မာဝင်း) (ဝိုင်ကေအန်-၀၁၅၈၇၆) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ဥမ္မာဝင်းအား တရားပြိုင်ထား၍ တရားလို ဦးလှမိုးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၄/၂၀၂၂)၊ တရားမဇာရီမှုအမှတ် (၂၃/၂၀၂၂)တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ (၁၂-၅-၂၀၂၂)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် အခြေခံပညာဦးစီးဌာနရှိ တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁၀-၂၀၂၄ ရက်နေ့မှ စတင်၍ ရောင်းချမည် ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၁၀-၂၀၂၄ ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်းနံပါတ် - ၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကန်လမ်း၊ အမှတ်-၁၉/က ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၄)ထပ်တိုက် (မှန်ခန်းအပါ) အဆောက်အဦမှ (၁၂⅓ပေx၅၀ပေ) အကျယ်အဝန်းရှိ (လမ်းမဘက်မှကြည့်လျှင် လက်ဝဲဘက်ခြမ်း) မြေညီထပ်တိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဌေး [၆/ရဖန(နိုင်)၀၁၉၉၁၅]က ဖော်ပြပါတိုက်ခန်းအား မိမိမှ ပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်းနှင့် အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၈၅၉၅၅၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၅၃)ရပ်ကွက်၊ အမှတ်(၂၃၁၀)ဟုခေါ်တွင်သော အလျား(၄၀)xအနံ (၆၀)ပေရှိ ဦးစိုးညွန့် အမည်ပေါက် ပါမစ်မြေကွက်ကို တရားဝင်လက်ဝယ် ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟု ဆိုသူ ဦးငြိမ်းချမ်းအောင် [၉/သေရ(နိုင်) ၀၀၀၆၉၂]ထံမှ ကျွန်မဒေါ်အေးသိန်း [၁၄/လပတ(နိုင်)၀၅၉၁၇၇] သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ဦးငြိမ်းချမ်းအောင်မှ လက်ခံရယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးသိန်း**
**၀၉-၆၉၈၀၁၃၉၅၄၊ ၀၉-၆၆၆၄၈၅၅၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်တိုးချဲ့ (၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ်(၁၀၄)၊ အကျယ်အဝန်း(အလျား ၂၅ ပေx အနံ ၅၀ ပေ)ရှိ ဒေါ်ငွေမြိုင် အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်နှင့်ယင်းမြေကွက်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးအောင်ဆန်းထူး [၁၂/မဂဒ(နိုင်) ၀၆၅၈၄၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိချော [၁၂/ကမတ(နိုင်)၀၅၃၈၅၃]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိအိချော၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင်LL.B ,D.B.L** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊စံပြ (၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-421140329, 09-421072494**

# မဆုရည်လှိုင် [၁၄/မအန(နိုင်)၁၈၇၃၁၃] (အဖ) ဦးလှိုင်မြင့်၏
# သမီးဖြစ်သူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏစုပေါင်းအိမ်ရာ၊ အမှတ် ၁၁၁ (ဘီ) တွင် ဖွင့်လှစ်ထားသော The Grand Dental Clinic ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

The Grand Dental Clinic တွင် Account Position/ Senior Accountant/ Finance တာဝန်လုပ်ကိုင်သွားသူ **မဆုရည်လှိုင် [၁၄/မအန(နိုင်)၁၈၇၃၁၃]** သည် ၂၆-၈-၂၀၂၄ ရက်နေ့မှစ၍ လုပ်ငန်းသို့လာရောက်ခြင်းမရှိ၊ အဆက်အသွယ် မရတော့ဘဲ လုပ်ငန်းငွေကြေးများထုတ်ယူ ကိုယ်ကျိုးအသုံးပြုသွားကြောင်း **သုဝဏ္ဏနယ်မြေစခန်းတွင် တိုင်ကြားထားရာ (ပ) ၂၃၅/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၄၀၈ ဖြင့်** အမှုဖွင့်လှစ်ထားပါသည်။

ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း **The Grand Dental Clinic သို့ ကာယကံရှင်မှ ဆက်သွယ်ပေးပါရန်**၊ ပတ်ဝန်းကျင်မှ သတင်းပေးခြင်းများ ပြုလုပ်ပေးပါရန်၊ သတင်းပေးသူများအား ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းသီရိမျိုး**
**အထက်တန်းရှေ့နေ (စဉ် - ၅၅၁၆၃)**
**အမှတ်(၃)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၉၅၅၁၆၇၄၉၁၊ ၀၉-၄၁၁၃၂၆၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မော်လမြိုင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန် ကြေညာချက်

၁။ မော်လမြိုင်တက္ကသိုလ်၏ နေ့သင်တန်းမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)နှင့် မဟာဥပဒေ(ဘွဲ့)၊ ပါရဂူ(ဘွဲ့)(အဏ္ဏဝါသိပ္ပံ)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပါရဂူ(ဘွဲ့)(အဏ္ဏဝါသိပ္ပံ)၊ စီးပွားရေးဥပဒေပညာဒီပလိုမာ(ဘွဲ့)နှင့် မော်လမြိုင် တက္ကသိုလ်၏ အဝေးသင် သင်တန်းမှ ၂၀၂၃ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် မော်လမြိုင်တက္ကသိုလ်၏ အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်နှင့် အဝေးသင် သင်တန်း၏ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

နေ့သင်တန်းအတွက် မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန တွင်လည်းကောင်း၊ အဝေးသင် သင်တန်းအတွက် အဝေးသင် သင်တန်း ဥတ္တရနယ်မြေတွင်လည်းကောင်း လျှောက်လွှာများကို ရယူလျက် တင်သွင်း လျှောက်ထားနိုင်ကြပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| ဘွဲ့နှင်းသဘင်တက်ရောက်ကြေး | ကျပ် ၁၅၀၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ/-) |
| ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး | ကျပ် ၁၀၀၀၀/- (ကျပ်တစ်ထောင်တိတိ/-) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | (၉-၁၀-၂၀၂၄) မှ (၂၅-၁၀-၂၀၂၄) ရက်နေ့အထိ |

**မှတ်ချက်**

(က) လျှောက်ထားသူသည် သတ်မှတ်ပုံစံတွင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး (၃)လအတွင်း ရိုက်ကူးထားသော (2x1½) လက်မအရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်အတူ ပူးတွဲလျှောက် ထားရပါမည်။

(ခ) အခြားသောပညာသင်နှစ်များမှ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့ကြေးများကို မိမိတို့ကိုယ်တိုင် မော်လမြိုင်တက္ကသိုလ် ငွေလက်ခံဌာနသို့ တိုက်ရိုက် ပေးသွင်းနိုင်ပါသည်။

(ဃ) မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာ၊ ဘူမိဗေဒနှင့် အဏ္ဏဝါသိပ္ပံ ဘာသာရပ်များဖြင့် စာမေးပွဲဖြေဆို အောင်မြင်ခဲ့သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) (ဧည့်) နိုင်ငံသားလက်မှတ် (သို့မဟုတ်) နိုင်ငံသား (ပြု) လက်မှတ်မူရင်းတင်ပြ၍ လျှောက်လွှာတွင် မိတ္တူ ပူးတွဲတင်ပြရမည်။

(င) ရပ်ဝေးမှလျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက် ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြရမည့် အပြင် လျှောက်ထားသူများ၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာရပ်၊ စာမေးပွဲအောင်မြင် သည့်ခုနှစ်/တက္ကသိုလ် စသည်များကို တိကျစွာဖော်ပြရမည်။

(စ) ဘွဲ့တက်ရောက်ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့ယူသူများ၏ ဘွဲ့လက်မှတ်များ ထုတ်ပေးချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

(ဆ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

(ဇ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့် ကျင်းပမည့်အစီအစဉ်ကို ထပ်မံ ကြေညာပါမည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မော်လမြိုင်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀/စက်ရုံအရှေ့)၊ ဦးပိုင်အမှတ်(၃၈၂)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေနေရာသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်-၄၄/V/၂၀၁၃ အရ (၂၉-၈-၁၉၉၄)မှ (၂၈-၈-၂၀၂၄) ထိ နှစ်(၃၀) မြေငှားဂရန်အား ဦးမောင်မောင်အေး [၃/ဘအန(နိုင်)၀၀၇၀၀၅] အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးထားသောမြေဖြစ်ပြီး ဒေါ်ခိုင်ဆွေဦး၊ ဒေါ်ခိုင် ကြည်ဝေတို့(၂)ဦးမှ အောင်လံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ် အမှတ် (၂၅/၂၀၂၄) ဖြင့် "မြေကွက်နှင့်အိမ်အကျိုးခံစားခွင့်များ လွှဲပြောင်းရောင်းချ သည့်ကတိစာချုပ်" ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဒေါ်ခိုင်ဆွေဦး၊ ဒေါ်ခိုင်ကြည်ဝေတို့မှ ၎င်းတို့အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးနိုင်ပါရန် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား၊ စာရွက် စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော **ကိုအောင်ကျော်ကျော်** (ဘ) ဦးမြင့်ကြည် [၈/အလန(နိုင်) ၂၄၆၅၆၉] နှင့် **မရွှေရည်ထွန်း** (ဘ) ဦးထွန်းလွင် [၈/အလန(နိုင်)၂၃၄၉၅၃]တို့သည် (၁၀-၉-၂၀၂၄) ရက်နေ့တွင် အသိ သက်သေတို့၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း နှစ်ဦး သဘောတူကတိစာချုပ်" ကိုပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသဖြင့် **ကိုအောင် ကျော်ကျော်နှင့် မရွှေရည်ထွန်း**တို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်ကျော်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာန
## ပြည်တွင်းအကြံပေး အဆိုပြုလွှာခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီး နောက် ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) အား ရေးသားပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါအစီရင်ခံစာများ ရေးသားပြုစုရန်အတွက် အတွေ့အကြုံ ရှိသည့် ပြည်တွင်းအကြံပေးတစ်ဦးကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အကဲဖြတ် ရွေးချယ်၍ တာဝန်ပေးအပ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စား သူများ အောက်ပါအတိုင်း အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ် ပါသည်-

| | | |
|---|---|---|
| (က) | ပြည်တွင်းအကြံပေး၏ လုပ်ငန်းလမ်းညွှန်ရယူနိုင်မည့် နေ့ရက်နှင့်အချိန် | - ၉-၁၀-၂၀၂၄ ရက်နေ့မှ ၂၅-၁၀-၂၀၂၄ ရက်နေ့အထိ၊ ရုံးချိန်အတွင်း လုပ်ငန်း လမ်းညွှန်အား www.dop.gov.mm တွင် ရယူနိုင်ပါသည်။ |
| (ခ) | အဆိုပြုလွှာတင်သွင်းရမည့် နေရာ | - ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်။ |
| (ဂ) | အဆိုပြုလွှာ တင်သွင်းရမည့်နည်းလမ်း | - လူကိုယ်တိုင် သို့မဟုတ် email: pop.dept.mm@gmail.com မှ တစ်ဆင့် |
| (ဃ) | အဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့် အချိန် | - ၂၅-၁၀-၂၀၂၄ ရက်နေ့၊ ၁၆:၃၀ နာရီ မြန်မာစံတော်ချိန် (ရုံးချိန်အတွင်း) |
| (င) | အင်တာဗျူးကျင်းပမည့် နေ့ရက်နှင့် အချိန် | - ထပ်မံအကြောင်းကြားပါမည်။ |

၃။ သတ်မှတ်ရက်နှင့် အချိန်ထက်ကျော်လွန်တင်သွင်းသည့် အဆိုပြုလွှာ များကို လက်ခံခြင်းပြုမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိ လိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် Email သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်-

**ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်**
**ဖုန်းနံပါတ်** - ၀၆၇-၄၃၁၀၆၆၊ ၀၆၇-၄၃၁၀၆၇
**Email address** - pop.dept.mm@gmail.com

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၄

**၁။ ဒေါ်မြင့်မြင့် နှင့် ဒေါ်လှလှတင်**
**၂။ ဒေါ်ထွေးထွေးရီ**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ ( ၃၅ ) ရပ်ကွက်၊ ဦးအောင်ဖုံဝေလမ်း၊ အမှတ်-၄၂၁ နေ တရားပြိုင် ဒေါ်လှလှတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုများက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ၊ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်)နေ့မွန်းမတည့်မီ ( ၁၀:၀၀ ) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စွမ်းထက်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင် လမ်း၊ အမှတ်(၁၀၆)ဘီ၊ ပထမထပ်နေ ဦးအေးသန်း [၁၂/လမန(နိုင်) ၀၄၂၀၈၅]၊ ဒေါ်အေးကြည် (MMN-318968) ကိုင်ဆောင်သူတို့၏သား **ကိုကိုနိုင်(ခ)ကိုကိုလွင် [၉/ပမန(နိုင်)၂၇၆၂၀၁]** ကိုင်ဆောင် သူသည် မိဘ၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများ ကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်းနှင့် နောက်နောင်တွင် ကိုကိုနိုင်(ခ)မောင်ကိုကိုလွင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကို ယနေ့မှ စ၍ ပါဝင်ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ဦးကိုကိုနိုင်(ခ) ဦးကိုကိုလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသန်း[၁၂/လမန(နိုင်)၀၄၂၀၈၅]**
**ဒေါ်အေးကြည်(MMN-318968)**
**လှိုင်မြို့နယ်**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အ.ထ.က(ခွဲ) သာယာကုန်း ကျောင်း၊ Grade-8မှ နန်းသန်းမြစိုး ၏ မိဘအမည်မှန်မှာ ဦးမျိုး [၁၀/သထန(နိုင်) ၁၈၄၈၈၂]၊ ဒေါ်ငွေ ငွေဝင်း[၁၀/သထန(နိုင်) ၀၉၅၅၆၃] ဖြစ်ပါကြောင်း။

**ဦးမျိုး၊ ဒေါ်ငွေငွေဝင်း**

## အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်နေ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း (မော်လမြိုင်) မြို့ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကိုကိုသက်၏ သား မောင်ခံ့ညားကိုကို၏ အမည် မှန်မှာ မောင်ခန့်ညားကိုကို [၃/ဘအန(နိုင်)၄၆၇၉၅၈]ဖြစ်ပါ ကြောင်း။

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၀-၂၀၂၄ရက် ကြေးမုံသတင်းစာ ကြော်ငြာ စာမျက်နှာ(၂၃)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဆွေဇင်ဝင်း၏ ကန့်ကွက်နိုင် ကြောင်း ကြော်ငြာတွင် ဒေါ်ကြူကြူ (ဘ) ဦးသိန်းဟု ပြင်ဆင် ဖတ်ရှုပါရန်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် လုပ်ငန်းအပ်နှံ လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| က | 43(T)/ESE/2024-2025 | မကွေးတိုင်းဒေသကြီး၊ စလေ (ကျိတ်စုမြောက်ကျေးရွာ)မှ ရေနံချောင်းသို့ ၆၆ ကေဗွီလိုင်း(၁၉.၇) မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း |
| ခ | 44(T)/ESE/2024-2025 | မကွေးတိုင်းဒေသကြီး၊ ချောက်မှ ကျိတ်စုမြောက်ကျေးရွာသို့ ၆၆ ကေဗွီလိုင်း (၁၃.၃)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား Tumkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း |

တင်ဒါစတင်ရောင်းချမည့်ရက် - (၉-၁၀-၂၀၂၄)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၂၃-၁၀-၂၀၂၄) ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သောဒေါ်သိမ့်သိမ့်လွင်(၁၂/မဂတ(နိုင်)၁၀၁၃၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးနေလွင်တိုး(၁၂/မဂတ(နိုင်)၀၈၄၂၉၉)နှင့် ဒေါ်သိမ့်သိမ့်လွင်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ကျောက်တံတားမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌နှစ်ဦးသ ဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေနှင့် ဦးနေလွင်တိုးတို့သည် တစ်ဦး နှင့်တစ်ဦး ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ ဦးနေလွင်တိုးနှင့် ပတ်သက်သည့် လူမှုရေး စီးပွားရေး ငွေရေးကြေးရေး ကိစ္စအဝဝနှင့် မည်သည့်အကြောင်းကိစ္စမဆို ကျွန်ုပ်မိတ်ဆွေ ဒေါ်သိမ့်သိမ့်လွင်နှင့်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့သည့် အတွက် ဒေါ်သိမ့်သိမ့်လွင်အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်မေသူခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၀၁)**
**အမှတ်-၂၁၇၊ မဟာဗန္ဓုလလမ်း၊(၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၀၉ ၇၉၅၂၅၆၃၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၃၆/က)၊ ယသဝတီ(၁၇) လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀) ရှိ ဒေါ်အေးမြိုင်+၁(CE-၀၀၇၇၅၉) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ကာ မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးသန်းလှ [၁၂/ဒပန(နိုင်)၀၁၂၂၆၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းအောင် [၁၂/လမန(နိုင်)၁၇၄၄၉၅] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်း များတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁/ကံဘဲ့)၊ မြေကွက်အမှတ်(၃/၂၁)၊ အကျယ် အဝန်း(အလျား ၂၉ ပေ x အနံ ၅၄ ပေ)၊ ဧရိယာ(၀.၀၃၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်(၁)လမ်း၊ အမှတ်(၃)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ငွေ[၁၂/ ရကန(နိုင်)၀၅၄၁၈၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့် သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင် စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL )** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် နေထိုင်သူ ဦးအုန်းကြိုင်[၁၂/သကတ(နိုင်)၀၁၈၇၄၅]၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အောင်မြင့်မိုရ်အိမ်ရာ၊ (၆)ခန်းတွဲ (၄)ထပ်တိုက်မှ တိုက် အမှတ်(၁၃)၊ ဒုတိယထပ်၊ (၃)လွှာ၊ အခန်းအမှတ်(၂၀၄)၊ အကျယ်အဝန်း (၄၆၈)စတုရန်းပေရှိရေမီးစုံ တိုက်ခန်း(၁)ခန်းအား ဦးအောင်လွင်[၉/မထလ(နိုင်)၀၁၁၈၅၂] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဝယ်ယူအကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်လင်း [၁၂/မဘန(နိုင်)၀၀၁၉၅၀]ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအုန်းကြိုင်က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက် ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက် အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **(LL.B, B.D.S, WIPO (Switzerland)** | **(LL.B, D.B.L, WIPO (Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၇၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၆၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၃၅၆၆)** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၇၈၅၁၈၁၂၁၀**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဘုရား ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြကြည်

**မြန်မာ့စီးပွားရေးဘဏ်- ၃ (ငြိမ်း)**

**အသက် (၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်- (၉/ခ-၂)နေ (ဦးဘိုးလှျောင်-ဒေါ်ရင်ကွေ)တို့၏ သမီး၊ [ဦးမျိုးဝင်း (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ကြည်ကြည်)၊ [ဒေါ်စိန်ကြည် (ခ) ဒေါ်စိန်စိန်]တို့၏ ညီမ၊ (ဒေါ်စွမ်ကြည်)၊ ဒေါ်အေးအေးမင်း၊ ဒေါ်သန်းသန်းမင်း၊ [ဦးမျိုးလွင်(ခ)ဦးကောက်]တို့၏ အစ်မ၊ တူ/တူမ ငါးယောက်၊ မြေး ငါးယောက်တို့၏အဘွား ဒေါ်မြကြည်သည် ၄-၁၀-၂၀၂၄ (သောကြာနေ့) နံနက် ၁၀:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၂၄ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြသန်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၂)လမ်းနေ (ဦးသာအေး-ဒေါ်ဖြူ)တို့၏ သား၊ ဒေါ်ဇင်မာဦး၏ ချစ်လှစွာသောခင်ပွန်း၊ မယမုံဖူးသစ်၊ မောင်ဘုန်းပြည့်စုံတို့၏ ချစ်လှစွာသောဖခင်သည် ၈-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၃:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၀-၂၀၂၄ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာပါမည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း(သို့) ယုဇနလမ်း၊ အမှတ်(၁၀၃)တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁-၈-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၂၄၂၉/ ၂၄၂၈/ စည်ပင်-ယာ(အုံ) ပိုင်ရှင် ဒေါ်လင်မ်ယုတီ၊ ဒေါ်မော်ရီယံခါတုန် (ခ) ဒေါ်မော်ရီယံခါတွန်တို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမြင့်အောင်ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါအဆိုပါ (၆)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ပြီးစီးသဖြင့် အဆောက်အအုံပြီးစီးကြောင်းလက်မှတ် (BCC)အား ပိုင်ရှင် ဒေါ်လင်မ်ယုတီ၊ ဒေါ်မော်ရီယံခါတုန်(ခ) ဒေါ်မော်ရီယံခါတွန်တို့မှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၇)၊ ဦးပိုင်အမှတ် (၃၉^၁၂/ခ) ဧရိယာ (၀.၀၃၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်စာချုပ်အမှတ်- ၃၂၄/၁၉၆၂ အရ ဦးပါညွှန့်နှင့် ဒေါ်တွတ်တို့နှစ်ဦးက ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပါညွှန့်နှင့် ဒေါ်တွတ်တို့ကွယ်လွန်သည့်အခါ အမွေစားအမွေခံများအဖြစ် ဒေါ်ခင်သန်း၊ ဒေါ်မြယု၊ ဦးမျိုးသန့်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်- ၂၁၉/၂၀၂၄ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ်- ၂၂၀/၂၀၂၄ အရ အမွေဆက်ခံပိုင်ဆိုင်လာသော အိမ်နှင့်မြေ ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေကို အမွေဆက်ခံသူများထံမှ အိမ်နှင့် မြေ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်- ၃၈၃/၂၀၂၄ အရ ဦးအာကာက ဝယ်ယူပိုင်ဆိုင်လာခဲ့ပါသည်။ ယခုအခါ ဦးအာကာသည် ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**

**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၂၊ မြေကွက်အမှတ်- ၁၂၇၉၊ မြေအကျယ် (၄၀x၆၀)ပေရှိ အမည်ပေါက် ဦးမောင်မောင်သင်း၏ ပါမစ်မြေကွက်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးငြိမ်းချမ်းအောင် [၉/ငသရ(နိုင်) ၀၀၀၆၉၂] ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်း [၉/မထလ(နိုင်) ၂၄၅၁၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ထက်အောင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၂၁၅/၂၀၂၁)**

**ဖုန်း - ၀၉-၇၉၉၉၀၀၄၃၂**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ခင်မြိုင်

**အသက် (၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အိမ်အမှတ်(၁၇)နေ (ဦးထွန်းဖေ-ဒေါ်မြရင်)တို့၏ သမီး၊ ဦးဉာဏ်ဝင်း-ဒေါ်သန္တာဆွေတို့၏ မိခင်၊ ဒေါက်တာထွန်းနေအောင်-မအိမြတ်သူဇာ၊ ဒေါက်တာအေးချမ်းမိုး၊ မကြည်ဖြူစင်တို့၏ အဘွား၊ မစံလမင်း၏ ဘွားဘွားကြီး၊ (ဦးမြတ်စိုး)၏ဇနီး ဒေါ်ခင်မြိုင်သည် ၈-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ငွေ

**သားဖွားဆရာမ (ငြိမ်း)**

**အသက် (၈၆) နှစ်**

ABC Telecomm Company Limited မှ CEO ဒေါ်ဖြူဖြူဝင်း၏မိခင် ဒေါ်တင်ငွေသည် ၇-၁၀-၂၀၂၄ ရက် ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ABC Telecomm မိသားစုမှ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ABC Telecomm မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးကျော်ငွေ (ငြိမ်း)

**ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၈၆)**

**အသက် (၆၄)နှစ်**

(ဦးအောင်ရ-ဒေါ်ခင်ဝင်း)တို့၏ သား၊ ဒေါ်ငွေငွေတင်၏ ခင်ပွန်း၊ မကေသီကျော်၊ (မသူဇာကျော်)၊ ကိုရာဇာကျော်တို့၏ဖခင် ဦးကျော်ငွေ အသက် (၆၄)နှစ်သည် ၆-၁၀-၂၀၂၄ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ချောင်းဦးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။ သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။

**စည်သူ( ၈၆) မိသားစုများ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၂)၊ အမှတ် ၃၁/ခ ဟုခေါ်တွင်သော အလျား ၁၀ ပေx အနံ ၆၀ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညိုညိုဝင်း [၁၂/အစန(နိုင်) ၁၀၆၈၉၁]ထံမှ ဦးဇော်ထွန်း [၁၂/တမန(နိုင်) ၁၁၂၇၂]၊ ဒေါ်နွယ်နီထွန်း [၁၂/တမန(နိုင်) ၁၁၃၈၃၉]တို့မှ (၇-၁၀-၂၀၂၄) ရက်နေ့တွင် “အိမ်နှင့် မြေကွက် အပြီးအပိုင်အရောင်းအဝယ်သဘောတူကတိစာချုပ်”ကို ပြုလုပ်ချုပ်ဆို၍ ရောင်းဖိုးငွေအပြေအကျေပေးချေပြီး တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမြတ်ထွေး ( LL.B )**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၃)**

**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၀၈၇၃၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၀)၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်တည်နေရာအမှတ်- ၉၀၊ ဗိုလ်ဇထူး(၂)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကြည်ဝင်း (AA-၀၉၀၅၂၈)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်- ဦးကြည်ဝင်း(ဖခင်)သည် (၁၅-၇-၂၀၀၂) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းသန်း(မိခင်)သည်(၂၅-၄-၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးဝင်းမောင်သည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေးစားခြင်းမရှိဘဲ (၈-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ၁။ ဦးသန်းဝင်း[၁၂/စခန(နိုင်) ၀၁၀၄၇၉]၊ ၂။ ဒေါ်လှလှစိုး [၁၂/စခန(နိုင်)၀၂၇၉၂၂]၊ ၃။ ဒေါ်နီလာအောင်[၁၂/စခန(နိုင်) ၀၂၇၉၂၅]၊ ၄။ ဦးကျော်ကျော်ဝင်း [၁၂/စခန(နိုင်)၀၄၈၉၆၉]၊ ၅။ ဦးနိုင်မျိုးဝင်း [၁၂/စခန(နိုင်)၀၀၁၅၁၆]၊ ၆။ ဦးအောင်အောင် [၁၂/စခန(နိုင်) ၀၂၇၄၆၄]တို့မှ သားသမီးများတော်စပ်ကြောင်း၊ ကွယ်လွန်သူမိဘများတွင် ဦးသန်းဝင်း၊ ဒေါ်လှလှစိုး၊ ဒေါ်နီလာအောင်၊ ဦးကျော်ကျော်ဝင်း၊ ဦးနိုင်မျိုးဝင်း၊ ဦးအောင်အောင်၊ ဦးဝင်းမောင်တို့သားသမီး (၇)ဦးထွန်းကားခဲ့ပြီး အခြားကိတ္တိမသား/သမီးများ မည်သူတစ်ဦးတစ်ယောက်ကိုမှ မွေးစားထားခြင်းမရှိကြောင်း၊ ၎င်းတို့(၇)ဦးအနက် ဦးဝင်းမောင်သည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေးစားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ကွယ်လွန်သူမိဘများတွင် ၎င်းတို့သားသမီး(၆)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အခြားအမွေဆက်ခံသူမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်းများ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်တင်ငွေ

**သားဖွားဆရာမ (ငြိမ်း)**

**အသက် (၈၆) နှစ်**

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်(စက်မှုဇုန်အနီး)၊ အိမ်အမှတ် (၇/၂၀၀)နေ (ဦးပါငယ်-ဒေါ်သောင်း)တို့၏ သမီး၊ (ဦးအင်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်း-ဒေါ်သင်းသင်းဦး (အထက၊ ညောင်ပင်ဆိပ်)၊ ဒေါက်တာဦးသန်းလွင် (တွဲဖက်ပါမောက္ခ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ မြောက်ဥက္ကလာအထူးကုဆေးရုံကြီး)-ဒေါက်တာတိုးတိုးဝင်း (သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး)၊ ဒေါ်ဖြူဖြူဝင်း (CEO, ABC Telecomm Co., Ltd)၊ ဦးရန်နိုင်ဝင်း (သီရိစံ Topup Card Distribution) တို့၏မိခင်၊ မြတ်ဘုန်းခန့် (American University of Yangon-AUY)၏ အဘွားသည် ၇-၁၀-၂၀၂၄ ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၄ ရက်တွင် ညောင်ပင်ဆိပ်ရပ်ကွက် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၂၄ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကေသွယ်(ခ)ဒေါ်ခင်ခင်စိန်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမိုးကျော်-ဒေါ်ခင်ဆွေရီ)တို့၏ သမီးကြီး၊ ဦးမိုးဇော်-ဒေါက်တာကြေးမုံဝင်း၊ (ဒေါ်မေသက်နွယ်)-ဦးမြင့်စိုးနိုင်၊ ဦးဝင်းဦး-ဒေါ်ခိုင်စုဝင်း၊ ဦးမိုးညွှန့်-ဒေါ်ကုမာရီ၊ (ဦးဘုန်းဇော်)- ဒေါ်နီနီကျော်စိန်၊ ဒေါ်သန်းနွယ်အေး-(ဦးကျော်ငွေး)၊ ဦးသန့်-ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝင်းမိုး-ဒေါ်ခင်စုဝေတို့၏အစ်မကြီး၊ ဦးမျိုးစည်သူ-ဒေါ်ဖြူဖြူသွယ်၊ ဒေါ်နီနီသွယ်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မသွန်းထက်ဝိုင်၊ မမြတ်ကြည်ဖြူ၊ မောင်မြတ်ဘုန်းခန့်တို့၏ ချစ်လှစွာသောအဘွားသည် ၇-၁၀-၂၀၂၄ (တနင်္လာနေ့) ည ၁၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့် (ခ) ကြီးပဲ

**အသက် (၇၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၉)လမ်း၊ အမှတ်(၆၅၁)နေ [ဒု-ဗိုလ်မှူးကြီး စိန်ဘန်း (နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင်ဒုတိယဆင့်)-ဒေါ်အေးကြည်]တို့၏ သမီးကြီး၊ (ဦးနေလင်း)-ဒေါ်ကြည်ကြည်မြင့်၊ (ဦးစိုးမင်း)-ဒေါ်အောင်နိုင်ဦး (ခ)ဒေါ်အေးလှတို့၏ အစ်မကြီး၊ ကိုအောင်ဘိုလင်း - Mrs. Kanokwan Yoopuet၊ ကိုချစ်ကိုကိုလင်း-မဇာခြည်ငွေးဝင်း၊ ကိုနေလင်း- မစန္ဒာချို၊ ကိုရစ်ချက်လင်း-မဖြိုးမြတ်ကျော်တို့၏ အဒေါ်၊ မရွှေရည်လင်းလက်၊ မောင်ခန့်ဘုန်းလင်းသန့်တို့၏ အဘွား ဒေါ်အေးအေးမြင့်(ခ) ကြီးပဲသည် ၇-၁၀- ၂၀၂၄ (တနင်္လာနေ့) ည ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀- ၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၇)လမ်း၊ အမှတ်(၂၁၇)ပေါ်တွင် မြေရှင်ကန်ထရိုက် နှစ်ဦးသဘောတူ တည်ဆောက်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (ခေါင်းရင်းခန်း) မြေညီထပ်၊ (A1) တိုက်မျက်နှာမူလျှင်(ဘယ်ဘက်)၊ ကန်ထရိုက်ဘက်အခြမ်း၊ အကျယ်အဝန်း (၁၄'x၅၄')ရှိသော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခင်အေးမူ [၉/မရမ(နိုင်) ၀၁၈၁၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ငွေး [၁၂/ပဘတ(နိုင်) ၀၀၈၈၃၆]က ဝယ်ယူရန်အတွက် (၇-၁၀-၂၀၂၄)နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်မူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland ) တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄ ၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇၈၊မြေကွက်အမှတ်-၆၀၃၊ မြေကွက်တည်နေရာအမှတ်-၆၀၃၊(၇၈)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဗိုလ်ကြီးမျိုးဝင်း(အငြိမ်းစား)(NBN-၁၆၆၂၁၁)အမည်ပေါက်ပါမစ်မြေအားပါမစ် အမည်ပေါက်-ဗိုလ်ကြီးမျိုးဝင်း(NBN-၁၆၆၂၁၁)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူသူဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)မှရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှချထားပေးသည့်ပါမစ်မူရင်း(Correction ဖျက်ရာပါရှိ၍ဒဂုံဆိပ်ကမ်း/၇၈/၆၀၃)ကိုပြောင်းရွှေ့ချထားကြောင်းပါရှိသည်)တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာကျောက်တိုင်၊သံဆူးကြိုးကာရံထားပြီးလျှောက်ထားသူမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးတင်ပြထားပါသဖြင့်ဦးသန်းထိုက်မှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အားကစား

မြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...**

❖ **နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများပိုမိုရရှိစေမည်ဖြစ်...**

❖ **ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်** စာမျက်နှာ » ၉

**အမျိုးသားယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြစို့လေ** ဆောင်းပါး စာမျက်နှာ » ၁၀

**ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်း ၃၁၅ ခု ဆွဲဆောင်နိုင်ခဲ့** စာမျက်နှာ » ၁၃

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန် လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးအား ပစ်ခတ်ဖမ်းဆီး** စာမျက်နှာ » ၁၅


# မြန်မာအသင်း၏ Asean Cup ပြိုင်ပွဲ အုပ်စုအိမ်ကွင်းပွဲများကို ရန်ကုန်မြို့၌ လက်ခံကစားမည်



မြန်မာ့လက်ရွေးစင်အသင်း သီရိလင်္ကာလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်နေစဉ်။

ရန်ကုန် အောက်တိုဘာ ၈

မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်ရမည့် 2024 Asean Cup ပြိုင်ပွဲ အုပ်စုပွဲများအနက် အိမ်ကွင်းပွဲများကို ရန်ကုန်မြို့၌ လက်ခံကစားမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် 2024 Asean Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း/တီမော (ခြေစစ်ပွဲအောင်အသင်း)၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ကျရောက်နေသည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်းကစားရမည့် အင်ဒိုနီးရှား၊ လာအိုအသင်းတို့နှင့်ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

# စပိန်နဲ့ ဘာစီလိုနာတို့ရဲ့ ကွင်းလယ်ကစားသမားဟောင်း အင်နီယေစတာ ကစားသမားဘဝမှ အနားယူလိုက်ပြီ

စပိန်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အင်နီယေစတာဟာ အသက် ၄၀ အရွယ်မှာ ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖



ကွင်းလယ်ကစားသမားဟောင်း အင်နီယေစတာ။

# မြန်မာဖိုက်တာ ဂျိုရှုအာဗန် အမေရိကန်ဖိုက်တာနှင့် ထိုးသတ်ရမည်

ရန်ကုန် အောက်တိုဘာ ၈

နာမည်ကြီးတိုက်ခိုက်ရေးအဖွဲ့အစည်းဖြစ်သော UFC နှင့် လက်တွဲထားသည့် မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် လာမည့်ပွဲစဉ်တွင် အမေရိကန်ဖိုက်တာနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ဂျိုရှုအာဗန်သည် ယခုနှစ်အတွင်း လေးပွဲမြောက်ပွဲစဉ်အဖြစ် ကိုဒီဒါဒန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး UFC နှင့် လက်တွဲပြီးနောက် ခြောက်ပွဲမြောက် ထိုးသတ်ရမည့်ပွဲလည်းဖြစ်သည်။ ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲအပြီး ငါးပွဲထိုးသတ်ရာတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ်အတွင်း ထိုးသတ်ထားသည့် သုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၄ ရက်က မက္ကဆီကိုနိုင်ငံသား အက်ဂါနှင့် ထိုးသတ်ရာ အမှတ်ဖြင့်အနိုင်ရထားသည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စုစုပေါင်း ၁၃ ပွဲ ထိုးသတ်ထားရာ ၁၁ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။



အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်(ဝဲ)နှင့် မြန်မာဖိုက်တာ ဂျိုရှုအာဗန်(ယာ)

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-UFC